ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## နှစ်ပတ်လည်
## လုပ်ငန်းဆောင်ရွက်မှု
## အစီရင်ခံစာ

# ၂၀၁၉

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ● | အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့် ပြောကြားခဲ့သည့်မိန့်ခွန်း | ၉ |
| ● | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းကောက်နုတ်ချက် | ၁၅ |
| ● | ကော်မရှင်ဥက္ကဋ္ဌ၏ အစီရင်ခံတင်ပြချက် | ၁၇ |
| ၁ | နိဒါန်း | ၂၁ |


အခန်း(၁)

## အသိပညာပေးခြင်းကဏ္ဍ


| | | |
|---|---|---|
| ၂ | အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများ တိုင်းဒေသကြီး /ပြည်နယ်များအလိုက် ကျင်းပခြင်း | ၂၅ |
| ၃ | ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဟောပြောဆွေးနွေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း | ၃၄ |
| ၄ | ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များ | ၃၉ |
| | အခြေခံပညာ အလယ်တန်းအဆင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ဆရာကိုင် စာအုပ်များပြုစုဖြန့်ဝေခြင်း | ၄၀ |
| | ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းများ ဖွင့်လှစ်ခြင်း | ၄၁ |

၅ နိုင်ငံပိုင်သတင်းစာများ၊ လူမှုကွန်ရက်စာမျက်နှာ၊ ဝက်ဘ်ဆိုက်နှင့် ရုပ်မြင်သံကြားတို့တွင် အသိပညာပေး ဖော်ပြမှုများ ၄၆
၆ သတင်းစာရှင်းလင်းပွဲများနှင့်သတင်းထုတ်ပြန်မှုများ ၄၈
သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း ၄၈
ကော်မရှင်အတွင်းရေးမှူးအား **MNTV** သတင်းဌာနမှ တွေ့ဆုံမေးမြန်းခြင်း ၄၈
သတင်းထုတ်ပြန်မှုများ ၄၉
၇ အသိပညာပေးပြခန်းနှင့် အသိပညာပေးစာစောင်များ ၅၅
အသိပညာပေးပြခန်း ၅၅
အသိပညာပေးစာစောင်များဖြန့်ဝေမှု ၅၆
၈ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လုပ်ရှားမှုများ ၅၆

## အခန်း(၂)

## တားဆီးကာကွယ်ခြင်းကဏ္ဍ

၉ ဥပဒေမူဘောင်ခိုင်မာရေး ၆၁
အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေ အသစ်ရေးဆွဲခြင်း ၆၁
အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေး ဥပဒေ( မူကြမ်း)ရေးဆွဲခြင်း ၆၂
၁၀ တားဆီးကာကွယ်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း ၆၃
၁၁ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာကြေညာချက်အပေါ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ၆၈

၁၂ ကော်မရှင်၏အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၈)အပေါ် လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်မှု ၆၉
၁၃ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခြင်း ၇၀
အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း ၇၁
အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) နည်းပညာဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း ၇၃
အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များအတွက် လုပ်ငန်းအစီအစဉ် (၆)ရပ် ချမှတ်ခြင်း ၇၅
CPU အဖွဲ့များ၏အကောင်အထည်ဖော်ဆောင်ရွက်မှုများ ၇၆

## အခန်း(၃)

## စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းကဏ္ဍ

၁၄ တိုင်ကြားစာ လက်ခံရရှိမှု ၈၇
၁၅ တိုင်ကြားစာများအပေါ်စီမံဆောင်ရွက်မှု ၉၀
၁၆ စုံစမ်းစစ်ဆေးတရားစွဲတင်ပို့မှုနှင့်လွှဲပြောင်းပေးပို့မှု ၉၁
၁၇ တိုင်ကြားသူများနှင့် လက်ခံတွေ့ဆုံဆွေးနွေးမှု ၉၈
၁၈ အဂတိလိုက်စားမှုကြောင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကိုပြည်သူ့ဘဏ္ဍာအဖြစ် ပေးသွင်းစေခြင်း/သိမ်းဆည်းခြင်း ၉၈

အခန်း(၄)

## ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းကဏ္ဍ


၁၉ နိုင်ငံတကာအဂတိလိုက်စားမှု တိုက်ဖျက်ရေးအကယ်ဒမီသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခြင်း ၁၀၁

၂၀ နည်းပညာအကူအညီပေးမှုဆိုင်ရာ Letter of Intent ရေးထိုးခြင်း ၁၀၂

၂၁ အဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း ၁၀၃

၂၂ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ၁၀၃

၂၃ နိုင်ငံတကာအစည်းအဝေးများတက်ရောက်ခြင်း ၁၀၅

၂၄ အစည်းအဝေးများလက်ခံကျင်းပခြင်း ၁၀၇

၂၅ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း ၁၀၈

၂၆ ဌာနစွမ်းဆောင်ရည်မြှင့်တင်ခြင်း ၁၁၀

ကော်မရှင်ရုံး (နေပြည်တော်) တည်ဆောက်ခြင်း ၁၁၀

ကော်မရှင်ရုံးခွဲ(ရန်ကုန်) ဖွင့်လှစ်ခြင်း ၁၁၁

ကော်မရှင်ရုံးခွဲ(မန္တလေး) ဖွင့်လှစ်ခြင်း ၁၁၂

၂၇ လုပ်ငန်းကော်မတီများပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခြင်း ၁၁၃

၂၈ ဝန်ထမ်းအင်အားတိုးချဲ့ခန့်ထားခြင်း ၁၁၃

ဖွဲ့စည်းပုံတိုးချဲ့ခြင်း ၁၁၃

ဝန်ထမ်းများခန့်ထားခြင်း ၁၁၃

| | | |
|---|---|---|
| | ဝန်ထမ်းသစ်များစိစစ်ရွေးချယ်ခန့်ထားခြင်း | ၁၁၄ |
| ၂၉ | ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း | ၁၁၄ |
| | ပြည်တွင်းသင်တန်းများတက်ရောက်ခြင်း | ၁၁၄ |
| | ပြည်ပသင်တန်းများတက်ရောက်ခြင်း | ၁၁၅ |
| ၃၀ | ဘဏ္ဍာရန်ပုံငွေခွဲဝေရရှိခြင်းနှင့် သုံးစွဲခြင်း | ၁၁၆ |


## အခန်း(၅)

## ၂၀၁၉ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ် ချမှတ်ခြင်း


| | | |
|---|---|---|
| ၃၁ | ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း | ၁၁၉ |
| ၃၂ | အသိပညာပေးခြင်းကဏ္ဍ | ၁၂၀ |
| ၃၃ | တားဆီးကာကွယ်ခြင်းကဏ္ဍ | ၁၂၁ |
| ၃၄ | စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူဆောင်ရွက်ခြင်းကဏ္ဍ | ၁၂၂ |
| ၃၅ | ပြည်တွင်း၊ နိုင်ငံတကာနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း | ၁၂၃ |
| ၃၆ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးအပေါ် ပြည်သူလူထု၏ အမြင် စစ်တမ်းကောက်ယူခြင်း | ၁၂၇ |
| ၃၇ | အဂတိလိုက်စားမှုဆိုင်ရာညွှန်းကိန်းများအခြေအနေ | ၁၃၂ |
| ၃၈ | ၂၀၂၀ ပြည့်နှစ် လုပ်ငန်းအစီအစဉ်လျာထားမှု | ၁၃၃ |
| ၃၉ | နိဂုံး | ၁၃၇ |


Nay Pyi Taw


UN
DP
အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့
UNITED
AGAINST
CORRUPTION
INTERNATIONAL ANTI-CORRUPTION DAY
9 December 2019
Nay Pyi Taw

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## ပြောကြားခဲ့သည့်မိန့်ခွန်း

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

ဒီနေ့မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနဲ့ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းရဲ့ (၁၆)နှစ်ပြည့် အခါသမယကို ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ **United Nations Office on Drugs and Crime – UNODC** ၊ **United Nations Development Programme – UNDP** နဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မီဒီယာများနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာ့အသိုက်အဝန်းအတွင်း ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများနည်းတူ မိမိတို့ မြန်မာနိုင်ငံကလည်း ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီနှစ်မှာ ယခင်နှစ်များကထက် ပိုမိုကျယ်ပြန့်စွာ မြန်မာနိုင်ငံတစ်ဝန်း နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတို့မှာ ကျင်းပနိုင်ခြင်းဖြစ်တဲ့အတွက် ပိုမို၍ ကျေနပ်အားရမိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ မိမိတို့နိုင်ငံကို ရေရှည်တည်တံ့ခိုင်မြဲပြီး တည်ငြိမ်အေးချမ်းကာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအဖြစ် ပေါ်ထွန်းလာရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်ခြင်းတို့ကို အားလုံးပူးပေါင်းပါဝင်တဲ့ ပြည်သူလူထုအခြေပြု နည်းလမ်းများဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးနဲ့ တည်ဆောက်ရေး ခရီးလမ်းအား လျှောက်လှမ်းလျက် ရှိပါတယ်။ ဒီခရီးလမ်းမှာ နှစ်ကာလရှည်ကြာစွာ အမြစ်တွယ် ရှင်သန်နေတဲ့ အဂတိလိုက်စားမှု ပြဿနာဟာ အဓိကကျတဲ့ ခလုတ်ကံသင်းဖြစ်နေတယ်လို့ မိမိတို့အစိုးရက နားလည်သဘောပေါက်ထားတဲ့အားလျော်စွာ နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာနဲ့ အဂတိကင်းစင်တဲ့ လူ့အသိုက်အဝန်းဖြစ်ပေါ်လာရေးရည်မှန်းပြီး အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါတယ်။

အဂတိလိုက်စားမှုဟာ မျက်မှောက်ခေတ်ကာလမှာ နိုင်ငံများကို အများဆုံးပျက်စီးယိုယွင်းစေတဲ့ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ အရင်းအမြစ်များကို လေလွင့်ဆုံးရှုံးစေခြင်း၊ စီးပွားရေးနှင့် လူမှုရေးမမျှတမှုများကို ကျယ်ပြန့်စေခြင်း၊ လူထုအတွင်း မကျေနပ်မှုများနဲ့ နိုင်ငံရေးအစွန်းရောက်မှုများ ပေါက်ဖွားစေခြင်း၊ အင်စတီကျူးရှင်းများအပေါ် ယုံကြည်မှုကျဆင်းစေခြင်းတို့ ဖြစ်ပေါ်စေပါတယ်။ ဒ့ါအပြင် အဂတိလိုက်စားမှုဟာ ပြည်သူလူထုအတွင်း မညီမျှမှုနဲ့ ဆင်းရဲနွမ်းပါးမှုကို သက်ဆိုးရှည်စေပါတယ်။ လူထုရဲ့ ကိုယ်စိတ်ချမ်းသာမှုနဲ့ ဝင်ငွေခွဲဝေမှုအပေါ် ထိခိုက်စေပြီး လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့တွင် ညီတူညီမျှပါဝင်နိုင်မှု အခွင့်အရေးကိုလည်း လျော့နည်းကျဆင်းစေပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၂၀၁၂ ခုနှစ်မှာ အတည်ပြုခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်နိုင်ရန် ၂၀၁၇ ခုနှစ်တွင် ကော်မရှင်ကို

အသစ်ပြန်လည်ဖွဲ့စည်းပြီး တာဝန်ပေးအပ်ခဲ့ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရေး၊ သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းရေး၊ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှာ ဂုဏ်သိက္ခာနဲ့ တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာရေး၊ နိုင်ငံတော်ပိုင်ပစ္စည်းများနဲ့ ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိရေး၊ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေးတို့အတွက် ၂၀၁၈ ခုနှစ်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဒီဥပဒေမှာ အဂတိလိုက်စားမှုရဲ့ အဓိပ္ပါယ်ဟာ နက်နဲကျယ်ပြန့်ပြီး လာဘ်ပေးလာဘ်ယူခြင်းထက် များစွာကျော်လွန်မှုရှိတာကို နားလည်ကြရန် လိုအပ်ပါတယ်။ ယခုအခါ ဥပဒေမူဘောင် ပိုမိုခိုင်မာ တောင့်တင်းလာတဲ့အားလျော်စွာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေနဲ့ လွတ်လပ်စွာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ခွင့်ရရှိပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တံစိုးလက်ဆောင် ယူခြင်း/ပေးခြင်းတို့သာမက နိုင်ငံတော်ရဲ့ ငွေကြေး၊ ပစ္စည်းနဲ့  ပိုင်ဆိုင်မှုထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်းတို့ကို လျော့ကျစေဖို့ အားထုတ်ကြိုးပမ်း ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး အစဉ်အလာနည်းလမ်းများဖြစ်တဲ့ တင်းကြပ်သည့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို တီထွင်ရေးဆွဲ ပြဋ္ဌာန်းခြင်းနှင့် ပိုမိုတိကျစွာ လိုက်နာစေရန် အသုံးပြုခြင်းနည်းလမ်းတို့ဟာ ထိရောက်မှုရှိပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနဲ့ စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ခြင်းဆိုပြီး လုပ်ငန်းစဉ်သုံးရပ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အသိပညာပေးရေး လုပ်ငန်းစဉ်အနေနဲ့ အခြေခံပညာကျောင်းများအတွက် ဖြောင့်မတ်တည်ကြည်မှုမြင့်တင်ရေးစာစောင်များ ဖြန့်ဝေခြင်း၊ တက္ကသိုလ်များအဆင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းဖွင့်လှစ်ခြင်း၊ အစိုးရဌာနများနဲ့ စီးပွားရေးလုပ်ငန်းများမှာ တာဝန်ယူမှုတာဝန်ခံမှုနဲ့ ဖြောင့်မတ်တည်ကြည်မှု မြင့်မားလာစေရေးတို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဖြောင့်မတ်တည်ကြည်မှုရှိခြင်းကလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အဆောက်အအုံရဲ့ အရေးကြီးတဲ့ မဏ္ဍိုင်တစ်ရပ် ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးဦး၊ လူ့အဖွဲ့အစည်း တစ်ရပ်ရပ်ရဲ့ စီးပွားရေးနဲ့ လူမှုရေးတွင် ကိုယ်စိတ်နှစ်ပါး ချမ်းသာရေးနဲ့ သာယာဝပြောရေးတို့အတွက် ဖြောင့်မတ်တည်ကြည်မှုဟာ မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါတယ်။ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးကို ထိရောက်မှုရှိစေရန်အတွက် ဖြောင့်မတ်တည်ကြည်မှု လုပ်ဆောင်ချက်များကို အုပ်ချုပ်ရေး အပိုင်းတွင်သာမက ဥပဒေပြုရေးနှင့် တရား

စီရင်ရေးကဏ္ဍများအတွက်ပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ယင်းတို့ရဲ့ အရေးကြီးသော အခန်းကဏ္ဍများဟာ နိုင်ငံတစ်ဝန်းလုံးမှာ ဖြောင့်မတ်တည်ကြည်မှုရှိရေးအတွက် သေချာမှုဖြစ်စေပါတယ်။ ဖြောင့်မတ်တည်ကြည်မှုရှိရေး လုပ်ဆောင်ချက်များကို အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများတွင်သာမက တစ်ဦးချင်းနှင့် ပုဂ္ဂလိကကဏ္ဍများပါ အပါအဝင် ဖြစ်စေရမှာ ဖြစ်ပါတယ်။ ဖြောင့်မတ်တည်ကြည်မှုသည် ပြည်ထောင်စုအစိုးရနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ ပြည်သူလူထုက ပထမဦးဆုံး ဖြောင့်မတ်တည်ကြည်သော အပြုအမူများကို ထိတွေ့ခံစားရမည့် အဆင့်ဆင့်သော အောက်ခြေအဖွဲ့အစည်းများအထိ စိမ့်ဝင်ပျံ့နှံ့စေရမှာ ဖြစ်ပါတယ်။ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်အနေနဲ့ အစိုးရဌာနတွေမှာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU)များ ဖွဲ့စည်းဆောင်ရွက်ခြင်းနဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှုကင်းဝေးစေရန် ကျင့်ဝတ် (Code of Conduct- CoC) ရေးဆွဲလိုက်နာစေခြင်း နည်းလမ်းများနဲ့ ဆောင်ရွက်လျက်ရှိနေပါတယ်။ ပုဂ္ဂလိက အကျိုးစီးပွားထက် အများပြည်သူ အကျိုးစီးပွားကို ဦးစားပေးအလေးထားရန်အတွက် ကျင့်ဝတ်တန်ဖိုးများ၊ စံနှုန်းများကို အစဉ်စောင့်ရှောက် ထိန်းသိမ်းခြင်းဖြင့် ဖြောင့်မတ်တည်ကြည်မှု ရှိစေရန်ဖြစ်ပါတယ်။ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေဂယ်ပေါက်များကို ပိတ်ဆို့နိုင်ရန်ဖြစ်လို့ နိုင်ငံတော်အတွက် ရေရှည်အကျိုးရှိစေမည့် နည်းလမ်းကောင်းလည်းဖြစ်ပါတယ်။

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းဟာ ယခုအခါ ကမ္ဘာ့အလျင်မြန်ဆုံး အတည်ပြုသော နိုင်ငံတကာ ကွန်ဗင်းရှင်းများထဲက တစ်ခုအပါအဝင်ဖြစ်ပြီး အဖွဲ့ဝင်ပေါင်း (၁၈၆)ခုတို့က အားလုံးနီးပါး အတည်ပြုလာတဲ့ Universal Ratification ဖြစ်လာနိုင်ခြင်းက အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းကို တစ်ကမ္ဘာလုံးက ဝိုင်းဝန်းထောက်ခံကြခြင်းလို့ ဆိုနိုင်ပါတယ်။ နိုင်ငံတစ်နိုင်ငံချင်းအလိုက် ကြိုးပမ်းမှုများအပြင် နိုင်ငံအများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နိုင်ငံဖြတ်ကျော်သည့် အဂတိလိုက်စားမှု၊ ယင်းနဲ့ဆက်နွှယ်တဲ့ အမှုအခင်းများကို တားဆီးကာကွယ် တိုက်ဖျက်နိုင်မှာဖြစ်ပါတယ်။

အဂတိလိုက်စားမှုကို စိတ်ပါလက်ပါ ဆန့်ကျင်တိုက်ဖျက်ကြခြင်းဖြင့် အဂတိလိုက်စားမှုကင်းစင်တဲ့ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်စေနိုင်ခြင်းထက်သာလွန်ပြီး တရားဥပဒေစိုးမိုးတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကိုပါ ဖော်ဆောင်စေနိုင်ပါတယ်။ ဒ့ါအပြင် တာဝန်ယူမှု တာဝန်ခံမှုရှိတဲ့ အင်စတီကျူးရှင်းများ တည်ဆောက်ရေးကိုပါ ဖြစ်ထွန်းစေမှာဖြစ်တဲ့အတွက် လူသားတိုင်း မိမိတို့ရရှိခံစားနိုင်တဲ့ အခွင့်အရေးများကို လက်လှမ်းမီစေပြီး စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာတဲ့ လူနေမှုဘဝများကို ပိုင်ဆိုင်စေနိုင်မှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂရဲ့ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ပါ ရည်မှန်းချက်ပန်းတိုင် ၁၇ ခုထဲက ပန်းတိုင် ၁၆ တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးရဲ့ အရေးပါမှုကို ထင်ရှားစွာ သတ်မှတ်ဖော်ပြထားပါတယ်။ ယင်းမှာ နိုင်ငံများအနေနှင့် ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းသာယာပြီး အားလုံးပါဝင်တဲ့ လူမှုအဖွဲ့အစည်းများမြှင့်တင်ရေး၊ တရားမျှတမှုကို လက်လှမ်းမီနိုင်မှု ဖော်ဆောင်ရေးနှင့် အဆင့်တိုင်းမှာ အကျိုးသက်ရောက်မှုရှိတဲ့၊ တာဝန်ယူမှုတာဝန်ခံမှုရှိတဲ့၊ အားလုံးပါဝင်တဲ့ အင်စတီကျူးရှင်းများ တည်ဆောက်ရေးတို့ကို တရားမဝင်ငွေကြေးစီးဆင်းမှု လျှော့ချရေး၊ ဆုံးရှုံးသွားတဲ့ နိုင်ငံပိုင်ပစ္စည်းများ ပြန်လည်သိမ်းဆည်းမှုလုပ်ငန်း ခိုင်မာရေး၊ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု လျှော့ချရေး၊ အကျိုးသက်ရောက်မှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ပွင့်လင်းမြင်သာမှုရှိတဲ့၊ အားလုံးပါဝင်တဲ့ အင်စတီကျူးရှင်းများ တည်ဆောက်ရေး စသည်တို့ကတစ်ဆင့် လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP ၂၀၁၈-၂၀၃၀)ကို ကမ္ဘာလုံးဆိုင်ရာ ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင်များနဲ့ အဓိကချိတ်ဆက်ပြီး နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို လုပ်ဆောင်သွားနိုင်ဖို့ ချိန်ညှိထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် MSDP မဏ္ဍိုင်(၁) ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုရဲ့ မဟာဗျူဟာမှာပါဝင်တဲ့ ကောင်းမွန်တဲ့အုပ်ချုပ်မှု၊ အဖွဲ့အစည်းများရဲ့ စွမ်းဆောင်မှုနဲ့ အဆင့်တိုင်းမှာ ဆုံးဖြတ်ချက်များ ထိရောက်စွာချမှတ်နိုင်မှု တိုးတက်ကောင်းမွန်ရေးတို့အတွက် အဂတိလိုက်စားမှုကို ဆန့်ကျင်တိုက်ဖျက်ရာမှာ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းအပ်ပါတယ်။

ဒီ မင်္ဂလာရှိတဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနဲ့ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းရဲ့ (၁၆)နှစ်ပြည့် အခါသမယမှာ ကွန်ဗင်းရှင်းပါ ရည်ရွယ်ချက်များနဲ့ အခြေခံမူများ ဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုပါတယ်။ **"အဂတိ လိုက်စားမှု ဆန့်ကျင်ရေးအတွက် ကျွန်ုပ်တို့အားလုံးစုပေါင်းညီညွတ်ကြပါစို့"**ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်မှ ပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနဲ့ ပြည်သူလူထုတစ်ရပ်လုံးက တက်ညီလက်ညီဖြင့် အဂတိလိုက်စားမှုကို ဆက်လက်ပူးပေါင်း တိုက်ဖျက်ကြဖို့ အလေးအနက်ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။



## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းကောက်နုတ်ချက်

(၁၀. ၇. ၂၀၁၇ ရက်နေ့တွင် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ထုတ်ပြန်ကြေညာသည့် အခမ်းအနားတွင် ပြောကြားသောမိန့်ခွန်းမှ)

အဂတိလိုက်စားမှုဟာ အယုံအကြည်ရှိမှု၊ ကောင်းမွန်တဲ့အုပ်ချုပ်မှုနဲ့ ပြည်သူ့ဝန်ထမ်း ယန္တရားကြီး တစ်ခုလုံးရဲ့ ဂုဏ်ရှိမှုတို့ကို တိုက်စားဖျက်ဆီးပါတယ်။ ထို့အပြင် အဂတိလိုက်စားခြင်းဟာ လူအနည်းငယ်ရဲ့အကျိုးကို အများအကျိုးအထက်မှာ ထားရှိခြင်းဖြစ်တာကြောင့် ဒီမိုကရေစီရဲ့ ဗဟိုမှုဖြစ်တဲ့ ပြည်သူကို ကိုယ်စားပြုတဲ့ အုပ်ချုပ်ရေးကို ထိပါးစေပါတယ်။

# ကော်မရှင်ဥက္ကဋ္ဌ၏ အစီရင်ခံတင်ပြချက်

ဤနှစ်ပတ်လည်အစီရင်ခံစာတွင် ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာ (၂၀၁၈ - ၂၀၂၁)နှင့် အညီရေးဆွဲခဲ့သော ၂၀၁၉ ခုနှစ် လုပ်ငန်းစီမံချက်အရ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အသိပညာပေးခြင်းကဏ္ဍ၊ တားဆီးကာကွယ်ခြင်းကဏ္ဍ၊ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းကဏ္ဍ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း ကဏ္ဍတို့နှင့် ၂၀၁၉ ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် သုံးသပ်အကဲဖြတ်ခြင်း၊ ၂၀၂၀ ပြည့်နှစ်အတွက် ရှေ့လုပ်ငန်းစဉ်ချမှတ်ခြင်းတို့ပါဝင်ပါသည်။

အစီရင်ခံစာထုတ်ပြန်သည့် ၂၀၁၉ ခုနှစ်ကာလအတွင်း ဥပဒေမူဘောင် ခိုင်မာစေရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေနှင့်အညီ နည်းဥပဒေအသစ်(မူကြမ်း)ကို လည်းကောင်း၊ အများပြည်သူ၏ ထိခိုက်နစ်နာမှုများအတွက် ထုတ်ဖော်တိုင်ကြားမှုယန္တရား ပိုမိုအားကောင်းလာစေရန် "အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေ(မူကြမ်း)"ကိုလည်းကောင်း ရေးဆွဲခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါသည်။

အဂတိလိုက်စားမှုကို ထိရောက်စွာလျှော့ချနိုင်ရေးအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) (၃၆)ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီး ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုပြဿနာများကို လျှော့ချရန်နှင့် တားဆီးကာကွယ်ရန်၊ လာဘ်ပေးလာဘ်ယူပြဿနာများကို ဥပဒေနှင့်အညီဖြေရှင်းနိုင်ရန်နှင့် အဂတိလိုက်စားမှုများ ဆက်လက်မဖြစ်ပွားစေရေးအတွက် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု လေ့လာဆန်းစစ်ခြင်း (Corruption Risk Assessment-CRA)လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ဟူ၍ လုပ်ငန်းတာဝန်(၃)ရပ်ကို ချမှတ်ထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလုပ်ငန်းတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် -

(က) **CPU** များအတွက် လုပ်ငန်းလမ်းညွှန် (TOR) ရေးဆွဲရန်၊

( ခ ) ဦးစီးဌာနအလိုက် တည်မြဲလုပ်ထုံးလုပ်နည်း (SOP)ရေးဆွဲပြီး လက်အောက်ရုံးဌာနများအား လိုက်နာစေရန်နှင့် ပြည်သူလူထုသိသင့်သည်များကို လက်အောက်ခံ ရုံး/ဌာနများ၌ ထင်ရှားစွာ ရေးသားချိတ်ဆွဲဖော်ပြရန်၊

( ဂ ) **CRA** နည်းပညာဖြင့် ပြုပြင်ထိုက်သည့် လက်ရှိဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို ပြန်လည်စိစစ်ပြီး ပြင်ဆင်ရေးဆွဲခြင်းဖြင့် (ခေတ်အဆက်ဆက်တွင် လူအများကိုဒုက္ခပေးခဲ့သော ကြိုးနီစနစ်ကိုဖျက်သိမ်းပြီး) အဂတိ လိုက်စားမှုကို ထိရောက်စွာလျှော့ချရန်၊

(ဃ) ဌာနများနှင့်ဆက်စပ်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများသည် အဂတိလိုက်စားမှုကိုဆန့်ကျင်သော ကျင့်ဝတ်များ ရေးဆွဲလိုက်နာခြင်း ရှိ/မရှိ စိစစ်ရန်၊

( င ) မျှတသောယှဉ်ပြိုင်မှုဖြစ်စေရေးအတွက် ဌာနများနှင့် ဆက်စပ်စီးပွားရေးလုပ်ငန်းများအကြား အခက်အခဲများကို ပွင့်လင်းမြင်သာသော တွေ့ဆုံဆွေးနွေးပွဲများဖြင့် မျက်နှာချင်းဆိုင်ဖြေရှင်းကြရန်၊

( စ ) ရုံးဌာနများ၌ ဝန်ဆောင်မှုရယူသော ပြည်သူတစ်ဦးချင်းထံမှ CPU Toolkit နည်းပညာဖြင့် အတွေ့အကြုံ၊ သဘောထားအမြင်များတောင်းခံသွားရန်နှင့် ပိုမိုကောင်းမွန်သော အများပြည်သူဝန်ဆောင်မှုဖြစ်စေရေး ပြုပြင်ပြောင်းလဲပေးသွားရန်ဟူ၍ လုပ်ငန်းအစီအစဉ်(၆)ချက်ကိုလည်း အတည်ပြု ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

CPUများ၏ လုပ်ငန်းတာဝန်များသည် ပြည်ထောင်စုဝန်ကြီးများ၏ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအာဏာတို့ဖြင့်သာ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စွမ်းရှိမည်ဖြစ်ပါသည်။ CPU များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် အစိုးရဌာနများတွင် အဂတိလိုက်စားမှုများကို ထိရောက်စွာလျှော့ချနိုင်ပြီး၊ နိုင်ငံ့ဝန်ထမ်းများကိုလည်း ထိခိုက်နစ်နာမှုအနည်းဆုံးဖြင့် အဂတိလိုက်စားမှု ဘေးအန္တရာယ်များမှ ကင်းဝေးသွားစေရန် ပြုပြင်ပြောင်းလဲပေးနိုင်မည်ဖြစ်သည့်အပြင် ပြည်သူ့ဝန်ထမ်းယန္တရားကြီး၏ ဂုဏ်သိက္ခာကို မြင့်မားလာစေပြီး ပြည်သူလူထု၏ ယုံကြည်မှုကို ပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် ကော်မရှင်သည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအတွက် ကျင့်ဝတ်များရေးဆွဲခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၈)ကို ထုတ်ပြန်ထားသည့်အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှလည်း ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာစည်းမျဉ်းများ ရေးဆွဲဆောင်ရွက်လျက်ရှိရာ အဆိုပါစည်းမျဉ်းများသည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို ကျင့်ဝတ်နှင့်အညီ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိစေရန် အစဉ်အမြဲ တွန်းအားပေးလျက်ရှိနေမည်ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်အတွင်း ကောက်ယူခဲ့သော စစ်တမ်းများအရ ပြည်သူများ၏ လိုလားချက်သဘောထားအမြင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်တွင် ဦးစားပေးဆောင်ရွက်ပေးရန် ဖော်ပြချက်နှင့်စပ်လျဉ်း၍

ပြည်ထောင်စု ဝန်ကြီးဌာနများတွင် ဖွဲ့စည်းထားပြီးဖြစ်သော CPU များသည် ၎င်းတို့၏လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ လာမည့်နှစ်အနည်းငယ်အတွင်း မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အဆင့်တွင်ဖြစ်ပေါ်နေသော အဂတိလိုက်စားမှုများ လျော့နည်းလာနိုင်ချေရှိသည်ဟု သုံးသပ်ရပါသည်။ ထို့အပြင် အစိုးရ၏ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများနှင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များက အဂတိလိုက်စားမှုတိုက်ဖျက်ရေးအပေါ် အကျိုးသက်ရောက်မှုရှိသည်ဟု ပြည်သူအများစုက ရှုမြင်ကြခြင်းကြောင့် ကော်မရှင်အတွက်လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအတွက်လည်းကောင်း အင်အားသစ်တစ်ရပ် ဖြစ်စေလိမ့်မည်ဟု ယုံကြည်ပါသည်။

နိုင်ငံတော်နှင့် အများပြည်သူတို့၏အကျိုးစီးပွားကို ကောင်းမြတ်သည့် စိတ်စေတနာ၊ ဖြောင့်မတ်တည်ကြည်သော ကိုယ်ကျင့်တရားတို့ဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် ကော်မရှင်သည် ၂၀၁၉ ခုနှစ်အတွင်းကရရှိခဲ့သော အတွေ့အကြုံများ၊ ပြည်သူလူထု၏ သဘောထားအမြင်များကို အခြေခံပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

■

## နိဒါန်း

အဂတိလိုက်စားမှုပြဿနာသည် ဒီမိုကရေစီစနစ်နှင့် တရားဥပဒေစိုးမိုးရေးကို ယိုယွင်းပျက်စီးစေသည့်အပြင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဦးတည်စေပြီး ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပြစ်မှုများ၊ အကြမ်းဖက်မှုများနှင့် လူသားတို့၏ လုံခြုံရေးအပေါ် ထိခိုက်စေသည့် ခြိမ်းခြောက်မှုများစွာကို ဖြစ်ပေါ်စေသဖြင့် အဆိုပါဘေးအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းရာတွင် နိုင်ငံတစ်နိုင်ငံချင်းအလိုက် မစွမ်းဆောင်နိုင်သည့်အတွက် နိုင်ငံအများပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂသည် ၂၀၀၂ ခုနှစ်တွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းအား အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီးနောက် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ်၊ ၃၀/၂၀၁၇ ဖြင့် ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၁၀)ဦး၊ စုစုပေါင်း(၁၂)ဦးပါဝင်သည့် ကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရဌာန/အဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတွင် ပြည်သူ့ဘဏ္ဍာ ရန်ပုံငွေဆုံးရှုံးမှုကို လျှော့ချနိုင်ရန်၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် ပျံ့နှံ့နေသော အဂတိလိုက်စားမှုကို သိသာထင်ရှားစွာ ကျဆင်းသွားစေရန်၊ ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် အဂတိလိုက်စားမှု ထိန်းချုပ်နိုင်ခြင်း ညွှန်းကိန်းအဆင့် တိုးတက်လာစေရန်တို့အား ရည်မှန်းချက်တာဝန်များအဖြစ် သတ်မှတ်၍ မဟာဗျူဟာစီမံချက်ကို ၂၀၁၈ ခုနှစ်မှ ၂၀၂၁ခုနှစ်အထိ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

မဟာဗျူဟာစီမံချက်အား လုပ်ငန်းဧရိယာ(၅)ရပ်သတ်မှတ်၍ နှစ်အလိုက် လုပ်ငန်းစီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်အတွက် လုပ်ငန်းစီမံချက်ကို အဂတိလိုက်စားမှု အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး၊ အရေးယူဆောင်ရွက်ရေးကဏ္ဍတို့ဖြင့် လုပ်ငန်းအစီအစဉ်(၁၀)ရပ်ချမှတ်၍ ဆောင်ရွက်ခဲ့ပါသည်။

■

# အခန်း (၁)

# အသိပညာပေးခြင်းကဏ္ဍ

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့
## အထိမ်းအမှတ်အခမ်းအနားများ တိုင်းဒေသကြီး / ပြည်နယ်များအလိုက် ကျင်းပခြင်း
## နေပြည်တော်




၁။ ဒီဇင်ဘာလ ၉ ရက်နေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးတို့နှင့် ပူးပေါင်းပြီး ၂၀၁၇ ခုနှစ်မှ စတင်၍ ၂၀၁၈ခုနှစ်အထိ ကော်မရှင်က ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွက် အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ နေပြည်တော်ကောင်စီနယ်မြေတွင် ၉-၁၂-၂၀၁၉ ရက်နေ့၌ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ နိုင်ငံတော်သမ္မတက တက်ရောက်အဖွင့်မိန့် ခွန်းပြောကြားခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခြင်းနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက အမှာစကားများ အသီးသီးပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ လွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဖက်








အဖွဲ့အစည်းများ၊ အစိုးရဌာန/အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် မီဒီယာများ စုစုပေါင်း(၆၀၀)ဦးခန့် တက်ရောက်ခဲ့ပါသည်။

၃။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး တွင်လည်း ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပပြုလုပ်ရာ၌ နိုင်ငံတော် သမ္မတကပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေး အခြေခံသဘောတရားနှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေအား ရှင်းလင်းပြောကြားခြင်း၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Video Clip ပြသခြင်း၊ အခြေခံပညာအလယ်တန်းနှင့် မူလတန်းအဆင့် ဆုရကျောင်းသား၊ ကျောင်းသူများက တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ စာစီစာကုံးနှင့် တေးသရုပ်ဖော် ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ စုပေါင်းမှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးခြင်း အစီအစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

## ကချင်ပြည်နယ်

ကျင်းပပြုလုပ်သည့်နေ့ရက် - ၉. ၁၂. ၂၀၁၉
တက်ရောက်သူဦးရေ - ၄၅၀ ဦး









## ကယားပြည်နယ်

ကျင်းပပြုလုပ်သည့်နေ့ရက် - ၉. ၁၂. ၂၀၁၉
တက်ရောက်သူဦးရေ - ၆၀၀ ဦး








## ကရင်ပြည်နယ်

ကျင်းပပြုလုပ်သည့်နေ့ရက် - ၆. ၁၂. ၂၀၁၉
တက်ရောက်သူဦးရေ - ၄၅၀ ဦး









## ချင်းပြည်နယ်

ကျင်းပပြုလုပ်သည့်နေ့ရက် - ၉. ၁၂. ၂၀၁၉
တက်ရောက်သူဦးရေ - ၄၀၀ ဦး







## မွန်ပြည်နယ်

| | |
|---|---|
| ကျင်းပပြုလုပ်သည့်နေ့ရက် | - ၉. ၁၂. ၂၀၁၉ |
| တက်ရောက်သူဦးရေ | - ၄၃၀ ဦး |








## ရခိုင်ပြည်နယ်

| | |
|---|---|
| ကျင်းပပြုလုပ်သည့်နေ့ရက် | - ၉. ၁၂. ၂၀၁၉ |
| တက်ရောက်သူဦးရေ | - ၆၀၀ ဦး |







## ရှမ်းပြည်နယ်

ကျင်းပပြုလုပ်သည့်နေ့ရက် - ၉. ၁၂. ၂၀၁၉

တက်ရောက်သူဦးရေ - ၅၅၀ ဦး









## စစ်ကိုင်းတိုင်းဒေသကြီး

ကျင်းပပြုလုပ်သည့်နေ့ရက် - ၉. ၁၂. ၂၀၁၉

တက်ရောက်သူဦးရေ - ၃၅၀ ဦး








## မကွေးတိုင်းဒေသကြီး

ကျင်းပပြုလုပ်သည့်နေ့ရက် - ၉. ၁၂. ၂၀၁၉
တက်ရောက်သူဦးရေ - ၅၁၀ ဦး









## ရန်ကုန်တိုင်းဒေသကြီး

ကျင်းပပြုလုပ်သည့်နေ့ရက် - ၉. ၁၂. ၂၀၁၉
တက်ရောက်သူဦးရေ - ၇၁၂ ဦး









## ဧရာဝတီတိုင်းဒေသကြီး

ကျင်းပပြုလုပ်သည့်နေ့ရက် - ၉. ၁၂. ၂၀၁၉

တက်ရောက်သူဦးရေ - ၄၅၆ ဦး









## ပဲခူးတိုင်းဒေသကြီး

ကျင်းပပြုလုပ်သည့်နေ့ရက် - ၁၀. ၁၂. ၂၀၁၉

တက်ရောက်သူဦးရေ - ၆၀၀ ဦး








## မန္တလေးတိုင်းဒေသကြီး

ကျင်းပပြုလုပ်သည့်နေ့ရက် - ၁၂. ၁၂. ၂၀၁၉
တက်ရောက်သူဦးရေ - ၆၀၀ ဦး







## တနင်္သာရီတိုင်းဒေသကြီး

ကျင်းပပြုလုပ်သည့်နေ့ရက် - ၁၂. ၁၂. ၂၀၁၉
တက်ရောက်သူဦးရေ - ၄၀၀ ဦး






## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဟောပြောဆွေးနွေးခြင်းနှင့်အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း

၄။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရေးအတွက် ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး အရာထမ်းများမှ အောက်ပါအတိုင်း ဆွေးနွေးဟောပြောပို့ချမှုများ ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | သင်တန်းအမည် | ပို့ချသူအမည် | ပို့ချသည့်ရက်စွဲ | ဦးရေ |
|---|---|---|---|---|
| **ဝန်ကြီးဌာနများမှ ဖွင့်လှစ်သည့် သင်တန်းများတွင် ဆွေးနွေးပို့ချမှုများ** | | | | |
| ၁ | ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ်(၃/၂၀၁၈) (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) | ဒေါ်ခင်မိုးဆွေ ညွှန်ကြားရေးမှူး | ၂၁-၁-၂၀၁၉ | ၃၅ ဦး |
| ၂ | တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံကိန်းဦးစီးရုံးများမှ အရာထမ်း လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၃/၂၀၁၈-၂၀၁၉) (စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန) | ဒေါ်ခင်မိုးဆွေ ညွှန်ကြားရေးမှူး | ၂၈-၁-၂၀၁၉ | ၁၀၈ ဦး |
| ၃ | တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်း ဦးစီးရုံးများမှ အရာထမ်းလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၄/၂၀၁၈ - ၂၀၁၉) (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန) | ဦးထွန်းထွန်းဝင်း ညွှန်ကြားရေးမှူး | ၁၁-၂-၂၀၁၉ | ၉၀ ဦး |
| ၄ | အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊ အမှတ်စဉ်(၅/၂၀၁၈- ၂၀၁၉) (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန) | ဒေါ်ခင်မိုးဆွေ ညွှန်ကြားရေးမှူး | ၂၅-၂-၂၀၁၉ | ၉၀ ဦး |
| ၅ | အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး နည်းပညာဆိုင်ရာ ဆင့်ပွားသင်တန်း (၁/၂၀၁၉) (ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန) | ဦးဟန်ညွန့် ကော်မရှင်အဖွဲ့ဝင် | ၇-၃-၂၀၁၉ | ၉၉ ဦး |
| ၆ | အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ၊ CPU ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များ (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန) | ဦးဇော်ဝင်း(ကော်မရှင်အဖွဲ့ဝင်) ဦးဟန်ညွန့်(ကော်မရှင်အဖွဲ့ဝင်) | ၁၅-၅-၂၀၁၉ | ၃၀၀ ဦး |

| စဉ် | သင်တန်းအမည် | ပို့ချသူအမည် | ပို့ချသည့်ရက်စွဲ | ဦးရေ |
|---|---|---|---|---|
| ဝန်ကြီးဌာနများမှဖွင့်လှစ်သည့်သင်တန်းများတွင်ဆွေးနွေးပို့ချမှုများ | | | | |
| ၇ | အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၁၂) (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) | ဦးထွန်းထွန်းဝင်း ညွှန်ကြားရေးမှူး | ၂၇-၅-၂၀၁၉ | ၅၀ ဦး |
| ၈ | ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၉)၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး) (စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) | ဦးထွန်းထွန်းဝင်း ညွှန်ကြားရေးမှူး | ၂၀-၇-၂၀၁၉ | ၆၅ ဦး |










| စဉ် | သင်တန်းအမည် | ပို့ချသူအမည် | ပို့ချသည့်ရက်စွဲ | ဦးရေ |
|---|---|---|---|---|
| **ဗဟိုဝန်ထမ်းတက္ကသိုလ်၊သင်တန်းကျောင်းနှင့်အဖွဲ့အစည်းများတွင်ဆွေးနွေးပို့ချမှု** | | | | |
| ၁ | ခရိုင်အုပ်ချုပ်ရေးမှူး/ညွှန်ကြားရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၉)၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း(မင်္ဂလာဒုံ) | ဒေါ်ခင်မိုးဆွေ ညွှန်ကြားရေးမှူး | ၁၇-၁-၂၀၁၉ | ၆၀ ဦး |
| ၂ | အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၅) ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) | ဦးဇော်ဝင်း ကော်မရှင်အဖွဲ့ဝင် | ၂၁-၁-၂၀၁၉ | ၃၄ ဦး |
| ၃ | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး/ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၁/၂၀၁၉) အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) | ဒေါ်ခင်မိုးဆွေ ညွှန်ကြားရေးမှူး | ၁၄-၂-၂၀၁၉ | ၁၃၃ ဦး |
| ၄ | အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၃)၊ ဗဟိုဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) | ဦးဇော်ဝင်း ကော်မရှင်အဖွဲ့ဝင် | ၁၅-၂-၂၀၁၉ | ၃၇ ဦး |
| ၅ | အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှုအဆင့်မြင့်ဒီပလိုမာ သင်တန်းအမှတ်စဉ်(၂)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) | ဦးထွန်းထွန်းဝင်း ညွှန်ကြားရေးမှူး | ၁၃-၃-၂၀၁၉ | ၆၁ ဦး |
| ၆ | အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ဘာသာရပ် (Unilever EAC Myanmar Co. Ltd.)ရန်ကုန်မြို့ | ဦးထွန်းထွန်းဝင်း ညွှန်ကြားရေးမှူး | ၂၉-၅-၂၀၁၉ | ၁၀၀ ဦး |

| စဉ် | သင်တန်းအမည် | ပို့ချသူအမည် | ပို့ချသည့်ရက်စွဲ | ဦးရေ |
|---|---|---|---|---|
| ဗဟိုဝန်ထမ်းတက္ကသိုလ်၊ သင်တန်းကျောင်းနှင့်အဖွဲ့အစည်းများတွင် ဆွေးနွေးပို့ချမှု | | | | |
| ၇ | စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၁)၊ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၁၉)၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း၊ (မင်္ဂလာဒုံ) | ဦးထွန်းထွန်းဝင်း ညွှန်ကြားရေးမှူး | ၁၈-၆-၂၀၁၉ | ၁၆၂ ဦး |
| ၈ | ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၃)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ဦးဇော်ဝင်း ကော်မရှင်အဖွဲ့ဝင် | ၂၇-၆-၂၀၁၉ | ၁၈ ဦး |
| ၉ | ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၆)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ဦးအောင်သန်းမြင့် ကော်မရှင်အဖွဲ့ဝင် | ၂၈-၆-၂၀၁၉ | ၂၀ ဦး |
| ၁၀ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းရပ်များဆိုင်ရာ ရှင်းလင်းပို့ချခြင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး၊ ရန်ကုန်မြို့။ | ဦးထွန်းထွန်းဝင်း ညွှန်ကြားရေးမှူး | ၂၈-၈-၂၀၁၉ | ၆၀ ဦး |
| ၁၁ | အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်း အမှတ်စဉ်(၃)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) | ဦးထွန်းထွန်းဝင်း ညွှန်ကြားရေးမှူး | ၂၀-၉-၂၀၁၉ | ၆၅ ဦး |
| ၁၂ | မြို့အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၁/၂၀၁၉)၊ အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း၊ (မင်္ဂလာဒုံ) | ဦးထွန်းထွန်းဝင်း ညွှန်ကြားရေးမှူး | ၂-၁၀-၂၀၁၉ | ၁၄၇ ဦး |

| စဉ် | သင်တန်းအမည် | ပို့ချသူအမည် | ပို့ချသည့်ရက်စွဲ | ဦးရေ |
|---|---|---|---|---|
| ဗဟိုဝန်ထမ်းတက္ကသိုလ်၊ သင်တန်းကျောင်းနှင့် အဖွဲ့အစည်းများတွင် ဆွေးနွေးပို့ချမှု | | | | |
| ၁၃ | အခြေခံရုံးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃)၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ဦးမျိုးလွင်ဦး<br>ဒုတိယညွှန်ကြားရေးမှူး | ၇-၁၀-၂၀၁၉ | ၄၄ ဦး |
| ၁၄ | အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၄)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ဦးအောင်လွင်<br>ကော်မရှင်အဖွဲ့ဝင် | ၁၆-၁၀-၂၀၁၉ | ၄၁ ဦး |
| ၁၅ | Anti Corruption Reporting<br>အလုပ်ရုံ ဆွေးနွေးပွဲ၊ ရန်ကုန်မြို့။ | ဦးထွန်းထွန်းဝင်း<br>ညွှန်ကြားရေးမှူး | ၇-၁၁-၂၀၁၉ | ၂၅ ဦး |
| ၁၆ | အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၆)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ဦးအောင်သန်းမြင့်<br>ကော်မရှင်အဖွဲ့ဝင် | ၁၉-၁၁-၂၀၁၉ | ၄၂ ဦး |
| ၁၇ | မြို့နယ်အုပ်ချုပ်ရေးမှူးများလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေး သင်တန်း အမှတ်စဉ်(၁/၂၀၁၉)၊<br>အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) | ဦးအေးမင်းသောင်း<br>ဒုတိယညွှန်ကြားရေးမှူး | ၁၃-၁၂-၂၀၁၉ | ၁၁၀ ဦး |
| ၁၈ | အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးနှင့် ပတ်သက်၍ ဟောပြော ဆွေးနွေးပို့ချခြင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ဦးဟန်ညွန့်<br>ကော်မရှင်အဖွဲ့ဝင် | ၂၀-၁၂-၂၀၁၉ | ၃၃၀ ဦး |
| ၁၉ | ဦးစီးအရာရှိ(စုံစမ်းရေး)များ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၉)အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊<br>သင်တန်းကျောင်း (တောင်ငူ) | ဦးစိန်တင်<br>ညွှန်ကြားရေးမှူး | ၃၀-၁၂-၂၀၁၉ | ၃၀ ဦး |






## ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ်များ

၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၁)၊ လုပ်ငန်းဧရိယာ (၁)၊ လုပ်ငန်းစဉ်(၂)ဖြစ်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး၊ အသိပညာပေးရေးအစီအစဉ်များ တစ်နိုင်ငံလုံးပျံ့နှံ့စေရန် တိုးမြှင့်ဆောင်ရွက်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံပညာအလယ်တန်းအဆင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်စာအုပ်များ ပြုစုဖြန့်ဝေခြင်းနှင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းများ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## အခြေခံပညာ အလယ်တန်းအဆင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်စာအုပ်များ ပြုစုဖြန့်ဝေခြင်း

၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းကို အခြေခံပညာ မူလတန်းအဆင့်မှ စတင်ဆောင်ရွက်ရန်အတွက် ၂၀၁၈ ခုနှစ်တွင် ဆရာကိုင်စာအုပ်များ လွှဲပြောင်းပေးခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အခြေခံပညာအလယ်တန်းအဆင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ဆရာကိုင်စာအုပ်များကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြုစုပြီး စာအုပ်ရေ (၄၀၀၀၀)ကို ၂၉-၇-၂၀၁၉ ရက်နေ့တွင် ကော်မရှင်မှ လွှဲပြောင်းပေးနိုင်ခဲ့ပါသည်။






## ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်းများဖွင့်လှစ်ခြင်း

၇။ ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းများကို အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် လူငယ်တို့၏ ပါဝင်ဆောင်ရွက်နိုင်မှု အခန်းကဏ္ဍကို အသိအမှတ်ပြုရန်၊ လူငယ်ထု ပါဝင်နိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ပေးရန်နှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူငယ်တို့ လိုက်နာသင့်သောကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ပါသည်။

၈။ **ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်း(၁/၂၀၁၉)နေပြည်တော်။** ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း(၁/၂၀၁၉)အား နေပြည်တော်၊ သင်္ဂဟ ဟိုတယ်တွင် ၃-၆-၂၀၁၉ ရက်နေ့မှ ၇-၆-၂၀၁၉ရက်နေ့အထိ ( ၅ )ရက်ကြာဖွင့်လှစ်ခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးမှ ကိုယ်စားလှယ်တို့က ကြိုဆိုနှုတ်ခွန်းဆက်နှင့် သင်တန်းဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး လူငယ်စခန်းသို့ တောင်ငူ၊ ရမည်းသင်း၊ မိတ္ထီလာမြို့များရှိ တက္ကသိုလ်၊ ကောလိပ်(၁၃)ခုမှ ဆရာ၊ ဆရာမ(၂၂)ဦး၊ ကျောင်းသား/သူ(၁၀၅)ဦး၊ စုစုပေါင်း(၁၂၇)ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ပြည်တွင်း/ပြည်ပပညာရှင်များက အတွေ့အကြုံနှင့် သင်ခန်းစာများအား ပို့ချခဲ့ပြီး တက်ရောက်လာသော လူငယ်များက ၎င်းတို့ လိုက်နာဆောင်ရွက်ကြမည့် လူငယ်ကျင့်ဝတ်ကို ရေးဆွဲထုတ်ပြန်နိုင်ခဲ့ပါသည်။







## ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်း(၁/ ၂၀၁၉)နေပြည်တော်







## ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်း(၂/၂၀၁၉)မန္တလေး







၉။ **ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်း(၂/၂၀၁၉)မန္တလေး။** ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း(၂/၂၀၁၉)ကို မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ ရွှေပြည်သာဟိုတယ်တွင် ၂၄-၁၁-၂၀၁၉ ရက်နေ့မှ ၂၈-၁၁-၂၀၁၉ ရက်နေ့ထိ (၅)ရက်ကြာ ဖွင့်လှစ်ခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကော်မရှင်ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးမှ ကိုယ်စားလှယ်တို့က ကြိုဆိုနှုတ်ခွန်းဆက်နှင့် သင်တန်းဖွင့် အမှာစကားများ ပြောကြားခဲ့ပြီး လူငယ်စခန်းသို့ မန္တလေး၊ မိတ္ထီလာ၊ စစ်ကိုင်း၊ မုံရွာမြို့များရှိ တက္ကသိုလ်/ကောလိပ် (၁၂)ခုမှ ဆရာ၊ ဆရာမနှင့် ကျောင်းသား/သူ(၁၁၄)ဦးနှင့် ဖြောင့်မတ်တည်ကြည်မှုလူငယ် စခန်း(၁/၂၀၁၉)တွင် တက်ရောက်ခဲ့သော သင်တန်းသား/သူများအနက် တက္ကသိုလ်/ကောလိပ်များမှ သင်တန်းအတွေ့အကြုံများ ပြန်လည်ဝေမျှ ဆောင်ရွက်နိုင်သည့် ကျောင်းသား/သူ(၁၀)ဦး စုစုပေါင်း (၁၂၄)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်တွင်း/ ပြည်ပပညာရှင်များက အတွေ့အကြုံနှင့် သင်ခန်းစာများအား ပို့ချခဲ့ပြီးတက်ရောက်လာသော လူငယ်များက ၎င်းတို့လိုက်နာဆောင်ရွက်ကြမည့် လူငယ်ကျင့်ဝတ်ကို ရေးဆွဲထုတ်ပြန်နိုင်ခဲ့ပါသည်။








၁၀။ ထို့ပြင် ကော်မရှင်က ချမှတ်ထားသည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးလျက် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများတွင် ကော်မရှင်နှင့်အတူ ပါဝင်ဆောင်ရွက်ရန် လိုက်နာမည်ဟု ကတိပြုခဲ့ကြသည့် သင်တန်းသား/သူ(၂၂၇)ဦးကို ဝတ္တပဋိပန္နက (ကျင့်ဝတ်လိုက်နာသူများ)အဖြစ် အသိအမှတ်ပြုလွှာများ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။


YOUTH INTEGRITY CAMP
PARTICIPATE
TO MAKE THE
CHANGE


YOUTH INTEGRITY CAMP
2/2019
MANDALAY


UNODC
YIC 2/19


PARTICIP
TO MAKE
CHANGE

## နိုင်ငံပိုင်သတင်းစာများ၊ လူမှုကွန်ရက်စာမျက်နှာ၊ ဝက်ဘ်ဆိုက်နှင့် ရုပ်မြင်သံကြားတို့တွင် အသိပညာပေးဖော်ပြမှုများ

၁၁။ ကော်မရှင်သည် လျှို့ဝှက်ထိန်းသိမ်းရမည့် သတင်းအချက်အလက်များမှအပ ကော်မရှင်၏ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ချက်များကို အများပြည်သူ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်နှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးမြင့်လာနိုင်စေရန်အတွက် ကော်မရှင် Website ၊ Facebook Page နှင့် နိုင်ငံပိုင်သတင်းစာများတွင် အောက်ပါအတိုင်း ထည့်သွင်းဖော်ပြခဲ့ပါသည်-

- ၁၀-၄-၂၀၁၉ ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးရှင် ဦးဟန်ညွန့် (ဥပဒေ) ကော်မရှင်အဖွဲ့ဝင်၏ "ဥပဒေအတွေးရေးပါရစေ 'အပိုင်း(၁၆၈)' အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီရင်ခံစာ" ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ ၂၀၁၈ ခုနှစ် အကြောင်းကို အသေးစိတ် ရေးသားတင်ပြခဲ့ခြင်း၊
- ၂၇-၆-၂၀၁၉ ရက်နေ့ The Global New Light of Myanmar တွင် ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုး (ဆောင်းပါးရှင် M.M.So)၏ "Fighting Corruption: A New Perspective" ခေါင်းစဉ်ဖြင့် အသိပညာပေး ဆောင်းပါးအား အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခြင်း၊
- ၂၆-၈-၂၀၁၉ ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးရှင် ဦးဟန်ညွန့်(ဥပဒေ) ကော်မရှင်အဖွဲ့ဝင်၏ "အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များအတွက် အာဂျင်ဒါ(၆)ချက်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဆောင်းပါးအား မြန်မာဘာသာဖြင့် လည်းကောင်း၊ ၂၉-၈-၂၀၁၉ ရက်နေ့တွင် The Global New Light of Myanmar ၌ "Six Agendas for CPU" ဆောင်းပါးအား အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ဖော်ပြခြင်း၊
- ၂၃-၁၀-၂၀၁၉ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာ၌ ဒေါက်တာမြတ်မိုး ရေးသားခဲ့သော "ချစ်ခြင်း၊ မုန်းခြင်း အဂတိကင်းသည့် အမှန်တရားကိုသာ မြတ်နိုးရာ၏" ခေါင်းစဉ်ဖြင့် အသိပညာပေးဆောင်းပါးအား ကော်မရှင်၏ Facebook Pageတွင် ဖော်ပြပေးခြင်း၊
- ၃၀-၁၀-၂၀၁၉ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာ ၌ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ(အောင်မြတ်) ရေးသားသော "လူငယ်များအတွက် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး" ခေါင်းစဉ်ဖြင့် အသိပညာပေး ဆောင်းပါးအား ဖော်ပြခြင်း။

၁၂။ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး အစီအစဉ်အနေဖြင့် ၂၀၁၉ ခုနှစ်တွင် ရုပ်ပြသရုပ်ဖော် တေးသီချင်း (၁)ပုဒ်၊ ဇာတ်လမ်းတို(၅)ခုနှင့် ဟောင်ကောင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ရုပ်သံဇာတ်လမ်းတွဲ(၄)ခုတို့အား ACC Myanmar Facebook Pageနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့တွင် ထုတ်လွှင့်ခဲ့ပါသည်။


















## သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း

၁၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တရားစွဲဆို အရေးယူခဲ့သော အမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ၂၁-၉-၂၀၁၉ ရက်နေ့တွင် ကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ ပြုလုပ်ခဲ့ပြီး စစ်ဆေးရေးမှူးချုပ် ဦးသန့်ဇော်က ရှင်းလင်းတင်ပြခဲ့ရာ သတင်းဌာန(၂၃)ခုမှ သတင်းထောက်များ တက်ရောက်ခဲ့ပါသည်။



## ကော်မရှင်အတွင်းရေးမှူးအား MNTV သတင်းဌာနမှတွေ့ဆုံမေးမြန်းခြင်း

၁၄။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်းသည် ၂၈-၁၂-၂၀၁၉ ရက်နေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ ဧည့်ခန်းမ၌ MNTV သတင်းဌာနအား လက်ခံတွေ့ဆုံ၍ ကော်မရှင်၏ ၂၀၁၉ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တွေ့ဆုံမေးမြန်းမှုများအား MNTV မှ ၃၁-၁၂-၂၀၁၉ ရက်နေ့မှစ၍ ထုတ်လွှင့်လျှက်ရှိပါသည်။

၁၅။ **ကော်မရှင်က အရေးယူဆောင်ရွက်မှုများအပေါ် အောက်ပါအတိုင်း သတင်းထုတ်ပြန်ခဲ့ပါသည်–**

- "ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း ၂၀၁၉"ကို နေပြည်တော်တွင် ဇွန်လ (၃) မှ ဇွန်လ (၇) ရက်နေ့အထိ (၅)ရက်ကြာ ပြုလုပ်မည်ဖြစ်ကြောင်းကို ၂၈-၅-၂၀၁၉ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

- အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမတွင် ၂၄-၆-၂၀၁၉ ရက်နေ့နှင့် ကရင်ပြည်နယ်၊ ဘားအံမြို့၊ သီရိဘားအံဟိုတယ်၌ ၂၅-၆-၂၀၁၉ ရက်နေ့များတွင် ပြုလုပ်မည်ဖြစ်ကြောင်းကို ၁၈-၆-၂၀၁၉ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

- မြို့နယ်အချို့၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ အမည်ခံ၍ ရုံးခန်းဖွင့်လှစ်ခြင်းနှင့် လှုပ်ရှားဆောင်ရွက်ခြင်းများသည် ဤကော်မရှင်နှင့် သက်ဆိုင်မှုမရှိသည့်အပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်လည်း အကျုံးဝင်မှု မရှိကြောင်းကို ၂၀-၆-၂၀၁၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ခြင်း၊

- ရခိုင်ပြည်နယ်၊ ဂွမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းမင်းဇော်၊ လက်ထောက်ဦးစီးမှူး ဦးမောင်မောင်လွင်၊ မြေတိုင်း-၄ ဦးကျော်နိုင်ထွန်းနှင့် မြို့နယ်ဦးစီးမှူး(အငြိမ်းစား) ဦးဦးကျော်ဝင်းတို့ကို ၈-၁-၂၀၁၉ ရက်နေ့တွင် ဂွမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့ လျှပ်စစ်မှူး ဦးဝင်းဗိုလ်ကို ၁၇-၁-၂၀၁၉ ရက်နေ့တွင် မင်းလှမြို့နယ်၊ စစ်ကွင်းနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူခြင်း၊

- ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးဦးထွန်းသာလှနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးခင်ဇော်တို့ကို ၂၄-၁-၂၀၁၉ ရက်နေ့တွင် သဲကုန်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ရခိုင်ပြည်နယ်၊ ဂွမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမင်းမင်းဇော်၊ လက်ထောက်ဦးစီးမှူး ဦးမောင်မောင်လွင်၊ မြေတိုင်း-၄ ဦးသန့်ဇော်လင်း၊ စာရင်းကိုင်-၄ ဒေါ်အေးအေးလွင်၊ ဂွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငယ်တန်းစာရေး ဦးစန်းယုအောင်၊ ဒေါ်ညွန့်ညွန့်သော်၊ ဦးအောင်နှင်းနှင့် ဦးရဲကျော်စွာ(ခ)ကျော်ကျော်(ခ)သားကြီးတို့ကို ၂၈-၁-၂၀၁၉ ရက်နေ့တွင် ဂွမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၊ ကန်ဘဲ့နယ်မြေရဲစခန်းမှအမှုစစ် ဒုတိယ ရဲအုပ်အောင်နိုင်ဦး (လ၂၁၃၁၉၆)ကို ၂၉-၁-၂၀၁၉ ရက်နေ့တွင် ကန်ဘဲ့နယ်မြေ ရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးအောင်စိုးလင်းနှင့် မြေတိုင်း-၄ ဦးအေးဇော်လတ်တို့ကို ၂၉-၁-၂၀၁၉ ရက်နေ့တွင် မှော်ဘီမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ဦးစီးမှူး ဦးခင်မောင်သန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်အေးအေးခိုင်တို့ကို ၅-၂-၂၀၁၉ ရက်နေ့တွင် မင်းလှမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးကို ၁၈-၂-၂၀၁၉ ရက်နေ့တွင် သာယာဝတီ မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ Global Grand Services (GGS) Company မှ MD ဦးသိန်းထွေး၊ ဒါရိုက်တာ ဦးအောင်မြတ်နှင့် ဦးသူရအုံတို့ကို ၁၀-၃-၂၀၁၉ ရက်နေ့တွင် ထားဝယ်မြို့မ ရဲစခန်း၌ အမှုဖွင့် အရေးယူခြင်း၊
- အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသံဒိုင်ကို ၁-၄-၂၀၁၉ ရက်နေ့တွင် ဇမ္ဗူသီရိမြို့မရဲစခန်း၌ အမှုဖွင့် အရေးယူခြင်း၊

- အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းအောင်စိုး၊ ဦးမျိုးအောင်နှင့် ဦးဆန်နီတို့ကို ၃-၄-၂၀၁၉ ရက်နေ့တွင် ဇမ္ဗူသီရိမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦး(ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း အကြံပေး)၊ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းလွင်(ယခုညွှန်ကြား ရေးမှူး)နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မှူး (ယခုညွှန်ကြားရေးမှူး)နှင့် ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ဝင်းတို့ကို ၁၀-၄-၂၀၁၉ ရက်နေ့တွင် ဇမ္ဗူသီရိမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ခင်ဦးမြို့နယ်၊ တရားသူကြီး ဒေါ်ရည်ရည်မွန်(တ/၂၉၇၃) (ယခု ကျောက်တံခါး မြို့နယ်တရားသူကြီး)၊ ရှေ့နေဒေါ်ဇာခြည်ဝင်း၊ ရုံးစောင့်သန့်ရှင်းရေး ဦးရဲဝဏ္ဏ တို့ကို ၁၆-၅-၂၀၁၉ ရက်နေ့တွင် ခင်ဦးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- မြောင်းမြမြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၊ မန်နေဂျာဒေါ်မာလာတင် (ယခု ကျောင်းကုန်းမြို့နယ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်)ကို ၂၁-၅-၂၀၁၉ ရက်နေ့တွင် မြောင်းမြမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဥပဒေအရာရှိ ဦးမောင်မောင်အေးနှင့် ဆွာနယ်မြေ ရဲစခန်းမှူး၊ ရဲအုပ်နေလင်းအောင်တို့ ကို ၂၇-၅-၂၀၁၉ ရက်နေ့တွင် တောင်ငူမြို့မ ရဲစခန်းနှင့် ရေတာရှည် နယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်း၊ ပေါက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းရွှေ(ယခု စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး)၊ ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးဇော်မင်းဦးနှင့် ပခုက္ကူမြို့၊ မှုခင်းရဲတပ်ဖွဲ့မှ ရဲအုပ်သန်းဇော်(ယခုမှုခင်းရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်)တို့ကို ၇-၆-၂၀၁၉ ရက်နေ့တွင် ပေါက်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ (လ. ဝ. က)ရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လင်း၊ ဒုတိယ(လ. ဝ. က)မှူး ဦးထက်ဝင့်အောင်၊ လက်ထောက် (လ. ဝ. က)မှူး ဒေါ်အိအိမွန်အောင်၊ လက်ထောက်(လ. ဝ. က)မှူး ဒေါ်ခင်မေထွန်း၊ လက်ထောက်(လ. ဝ. က)မှူး ဦးကျော်သူဟိန်းနှင့် ဒေါ်မာရှောက်ဆန်းတို့ကို ၁၂-၆-၂၀၁၉ ရက်နေ့တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၃)နယ်မြေရဲစခန်းမှ ရဲမှူးသိန်းနိုင် (ယခုဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး၊ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး)၊ ရဲအုပ်ကျော်သူ (ယခု ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့)၊ ဒုတိယရဲအုပ်ထွန်းထွန်းလင်းတို့ကို ၁၄-၆-၂၀၁၉ ရက်နေ့တွင် ချမ်းအေးသာဇံမြို့နယ်၊ အမှတ်(၃)နယ်မြေ ရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်းမှ ဒုတိယရဲအုပ်ကျော်နိုင်ဦးနှင့် ရဲအုပ်ကျော်သူ (ယခုကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့)တို့ကို ၁၄-၆-၂၀၁၉ ရက်နေ့တွင် ချမ်းအေးသာဇံမြို့နယ်၊ အမှတ်(၃) နယ်မြေ ရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းကို ၂၁-၆-၂၀၁၉ ရက်နေ့တွင် တွံတေးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်အခွန်ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်နှင့် ဒေါ်ညိုညိုဝင်း(ခ) မညိုတို့ကို ၂-၇-၂၀၁၉ ရက်နေ့တွင် ရွှေဘိုမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ ရက်ကန်းသည်မကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ကို ၁၀-၇-၂၀၁၉ ရက်

နေ့တွင် ဘီးလင်းမြို့ တောင်စွန်းရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းကို ထပ်မံစစ်ဆေးပေါ်ပေါက်ချက်အရ ၁၀-၇-၂၀၁၉ ရက်နေ့တွင် တွံတေးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကိုးတောင်ဘို့ ရဲကင်းမှူးရဲအုပ်မင်းသန့် (လ၁၉၉၄၁၄) (ယခု ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်နယ်မြေရဲစခန်း)ကို ၁၇-၇-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးမင်းကို ၂၃-၈-၂၀၁၉ ရက်နေ့တွင် မိုးညိုမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်တရားရုံးမှ အကြီးတန်းစာရေး(ဘိလစ်စာရေး) ဦးငွေဝင်းကို ၃၀-၈-၂၀၁၉ ရက်နေ့တွင် ထီးချိုင့်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်) စက်ရုံမှူး ဒေါက်တာအောင်ဇော်ကို ၆-၉-၂၀၁၉ ရက်နေ့တွင် အင်းစိန်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးချစ်တိုးနှင့် ညွှန်ကြားရေးမှူးဦးမင်းခိုင်တို့ကို ၂၆-၉-၂၀၁၉ ရက်နေ့တွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- ထိုင်းနိုင်ငံ၊ အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦး၊ ဒေသခန့်ဝန်ထမ်း ဦးသန်းထိုက်စိုး(ခ)ကိုစိုးနှင့် ဦးစောပြည့်ငြိမ်း(ခ)

စောဂျက်တို့ကို ၆-၁၁-၂၀၁၉ ရက်နေ့တွင် ဒဂုံမြို့သစ်မြောက်ပိုင်း မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- မွန်ပြည်နယ်၊ ရေးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယ ဦးစီးမှူး(ဦးစီးမှူးတာဝန်) ဦးဝင်းအောင် (ယခုဒုတိယဦးစီးမှူး မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)ကို ၂-၁၂-၂၀၁၉ ရက်နေ့တွင် ရေးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- မွန်ပြည်နယ်၊ သထုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း(ယခုမဘိမ်းမြို့နယ် အုပ်ချုပ်ရေးမှူး)နှင့် သထုံမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးတင်ထွန်းတို့ကို ၉-၁၂-၂၀၁၉ ရက်နေ့တွင် သထုံမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- အရိုးအထူးကုဆေးရုံကြီး ကုတင်(၅၀၀)မန္တလေးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ကြည်လွင်နှင့် ဌာနခွဲစာရေး ဦးအောင်ကျော်ဦး (ယခု ဦးစီးအရာရှိ အုပ်ချုပ်စီမံ၊ ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး)တို့ကို ၂၀-၁၂-၂၀၁၉ ရက်နေ့တွင် ချမ်းအေးသာဇံမြို့နယ်၊ အမှတ်(၁၁)နယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း၊

- တောင်ငူမြို့၊ မြို့မရဲစခန်းမှူနယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ဟန်လင်းအောင်(လ၂၄၈၃၀၅)ကို ၂၇-၁၂-၂၀၁၉ ရက်နေ့တွင် တောင်ငူမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခြင်း။





## အသိပညာပေးပြခန်းနှင့် အသိပညာပေးစာစောင်များ

### အသိပညာပေးပြခန်း

၁၆။ နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် (၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ၉-၁၂-၂၀၁၉ ရက်နေ့၌ ကျင်းပခဲ့ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပြခန်းကို ခင်းကျင်းပြသခဲ့ပါသည်။ ပြခန်းတွင် ကော်မရှင်ဖွဲ့စည်းမှုမှတ်တမ်း၊ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ကော်မရှင်ကျင့်ဝတ်၊ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းစာအုပ်(အင်္ဂလိပ် + မြန်မာ)၊ ၂၀၁၈ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာစာအုပ်၊ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် (အခြေခံပညာမူလတန်းအဆင့်) ဆရာကိုင်စာအုပ်နှင့် (အခြေခံပညာအလယ်တန်းအဆင့်) ဆရာကိုင်

စာအုပ်၊ လက်ကမ်းစာစောင်၊ ဆုရကျောင်းသား၊ ကျောင်းသူများ၏ စာစီစာကုံးများ ပြသခဲ့ပါသည်။

**အသိပညာပေးစာစောင်များဖြန့်ဝေမှု**

၁၇။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးစာစောင်များ ဖြန့်ဝေမှုအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ စာအုပ် (၁၄၆၃၈)အုပ်၊ ကော်မရှင်ကျင့်ဝတ် စာအုပ် (၄၅၅၀)အုပ်၊ လက်ကမ်းစာစောင် (၂၃၉၀)စောင်၊ ၂၀၁၈ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ စာအုပ်(၂၁၄၄)အုပ်နှင့် စာတမ်းဖတ်ကြား ဆွေးနွေးပွဲမှတ်တမ်း စာအုပ်(၃၀)အုပ်တို့အား ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ သင်တန်းများ၊ အသိပညာပေးပြခန်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတို့တွင် ဖြန့်ဝေပေးခဲ့ပါသည်။

## အရပ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လုပ်ရှားမှုများ

၁၈။ **မာစီကောမြန်မာ(Mercy Corps Myanmar)အားလက်ခံတွေ့ဆုံဆွေးနွေးမှု။** အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုး ဦးဆောင်သောအဖွဲ့သည် မာစီကောမြန်မာ(Mercy Corps Myanmar)မှ ကိုယ်စားလှယ် အဖွဲ့အား ၂၅-၁-၂၀၁၉ ရက်နေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ လက်ခံတွေ့ဆုံပြီး မာစီကောမြန်မာမှ ပြုလုပ်မည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

၁၉။ **မြန်မာနိုင်ငံတွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့နှင့်တွေ့ဆုံဆွေးနွေးမှု။** မြန်မာနိုင်ငံ တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Myanmar Extractive Industries Transparency Initiative – MEITI)၏ စတုတ္ထအကြိမ် အစီရင်ခံစာ(၂၀၁၆-၂၀၁၇)ပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ၇-၈-၂၀၁၉ ရက်နေ့တွင် ကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ အရပ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

၂၀။ **အမျိုးသမီးများအတွက် ငြိမ်းချမ်းရေးအဖွဲ့ ( Women's Federation For Peace – WFFP ) အား လက်ခံတွေ့ဆုံဆွေးနွေးမှု။** အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့သည် ၁၃-၁၁-၂၀၁၉ ရက်နေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ အမျိုးသမီးများအတွက် ငြိမ်းချမ်းရေးအဖွဲ့ (Women's Federation For Peace– WFFP) အား လက်ခံတွေ့ဆုံပြီး တရားရုံးများတွင် ကြုံတွေ့ရသော အဂတိလိုက်စားမှုနှင့် တရားဥပဒေ လက်လှမ်းမီမှုဆိုင်ရာ အကြောင်းအရာများကိုဖော်ထုတ်ပြီး တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုစေရန်နှင့် WFFPမှ အမျိုးသမီးများအတွက် လုပ်ဆောင်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။





၂၁။ **အဂတိလိုက်စားမှု လျှော့ချရေးအဖွဲ့(ရှမ်း)နှင့် ပူးပေါင်းဆောင်ရွက်မှု။** ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် အဂတိလိုက်စားမှုလျှော့ချရေးအဖွဲ့(ရှမ်း) မှ ၈-၁၂-၂၀၁၉ ရက်နေ့တွင် ကျင်းပသည့် "တရား ဥပဒေစိုးမိုးမှုမြှင့်တင်ရေး အဂတိလိုက်စားမှုတိုက်ဖျက်ပေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးကျင်းပပြုလုပ်သည့် အခမ်းအနားသို့ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ကိုယ်စားလှယ်တစ်ဦး တက်ရောက်၍ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

၂၂။ **မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း။** မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်သည့်လုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး (၃)ဦးနှင့် ဒုတိယဝန်ကြီးများပါဝင်သည့် ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဖက်အဖွဲ့ အစည်းတို့ပါဝင်သော သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၂၃။ **သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင်အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေး(Beneficial Ownership)လုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်မှုများ။** ယင်းလုပ်ငန်းစဉ်သည် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့၏ စံနှုန်းသတ်မှတ်ချက်များတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဆင့်သို့ ရောက်ရှိရန် ၂၀၁၆ ခုနှစ်၊ တွင်းထွက်သယံဇာတတူး ဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့၏ စံနှုန်းလိုအပ်ချက်နှင့်အညီ သဘာဝသယံဇာတလုပ်ငန်းများတွင် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လမ်းပြမြေပုံအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်(၁၂)ဦးပါဝင်သည့် လုပ်ငန်းအဖွဲ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးတစ်ဦးက အဖွဲ့ဝင်အဖြစ် လုပ်ငန်းအဖွဲ့၏ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် အစည်းအဝေးနှင့် ဆွေးနွေးမှု (၁၀)ကြိမ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

■

# အခန်း (၂)

# တားဆီးကာကွယ်ခြင်းကဏ္ဍ

# ဥပဒေမူဘောင်ခိုင်မာရေး

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေအသစ်ရေးဆွဲခြင်း

၂၄။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအား ပထမအကြိမ်မှ စတုတ္ထအကြိမ်ထိ ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။ စတုတ္ထအကြိမ် ပြင်ဆင်ရေးဆွဲခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ မူလနည်းဥပဒေအား လက်တွေ့ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် အားနည်းချက်များကို ကုစားနိုင်ရန်အတွက် လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရ လည်းကောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေအသစ်(မူကြမ်း)ကို ပြန်လည်ရေးဆွဲ၍ ၂၁-၁၀-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ပြီး သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်၍ ၄-၁၂-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီသို့ ပေးပို့တင်ပြခဲ့ပါသည်။

၂၅။ အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ၁၇-၅-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း (၃၀)ခု၊ မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးတို့နှင့် Grand Amara Hotel ၌ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၏ အကြံပြုချက်များ တောင်းခံရယူခဲ့ပါသည်။ အကြံပြုချက်များပေါ် မူတည်၍ ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ ၂၄-၁၀-၂၀၁၉ ရက်နေ့တွင် အတည်ပြုချက် ရရှိခဲ့ပါသဖြင့် ၅-၁၁-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကော်မတီသို့ တင်ပြဆောင်ရွက်လျက်ရှိပါသည်။









၂၆။ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်(**UNDP**)တို့နှင့် ပူးပေါင်း၍ ၂၀၁၉ခုနှစ်အတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများအား တိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုတို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်-








- ဆွေးနွေးပွဲခေါင်းစဉ် – တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ
- ဆွေးနွေးပွဲပြုလုပ်ရာဒေသ – ပဲခူးတိုင်းဒေသကြီး
- နေရာ – ပဲခူးမြို့ မြို့တော်ခန်းမ
- ရက်စွဲ – ၁၇.၁. ၂၀၁၉
- တက်ရောက်သူဦးရေ – ၅၀၀ ဦးခန့်











- ဆွေးနွေးပွဲခေါင်းစဉ် – တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ
- ဆွေးနွေးပွဲပြုလုပ်ရာဒေသ – ဧရာဝတီတိုင်းဒေသကြီး
- နေရာ – ပုသိမ်မြို့ မြို့တော်ခန်းမ
- ရက်စွဲ – ၂၃.၃.၂၀၁၉
- တက်ရောက်သူဦးရေ – ၅၀၀ဦးခန့်











- ဆွေးနွေးပွဲခေါင်းစဉ် – အုပ်ချုပ်ရေးနှင့်စီးပွားရေးဆိုင်ရာ တာဝန်ယူမှု
- ဆွေးနွေးပွဲပြုလုပ်ရာဒေသ – မွန်ပြည်နယ်
- နေရာ – မော်လမြိုင်မြို့ ပြည်နယ်ခန်းမ
- ရက်စွဲ – ၂၄.၆.၂၀၁၉
- တက်ရောက်သူဦးရေ – ၅၀၀ ဦးခန့်











- ဆွေးနွေးပွဲခေါင်းစဉ် – အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု
- ဆွေးနွေးပွဲပြုလုပ်ရာဒေသ – ကရင်ပြည်နယ်
- နေရာ – ဘားအံမြို့ သီရိဘားအံဟိုတယ်
- ရက်စွဲ – ၂၅.၆.၂၀၁၉
- တက်ရောက်သူဦးရေ – ၅၀၀ ဦးခန့်










- ဆွေးနွေးပွဲခေါင်းစဉ် – တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ
- ဆွေးနွေးပွဲပြုလုပ်ရာဒေသ – စစ်ကိုင်းတိုင်းဒေသကြီး
- နေရာ – မုံရွာမြို့ မြသလ္လာခန်းမ
- ရက်စွဲ – ၂၄.၁၀.၂၀၁၉
- တက်ရောက်သူဦးရေ – ၄၀၀ ဦးခန့်

## အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာကြေညာချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၂၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကြေညာချက်ကို ၂-၇-၂၀၁၈ ရက်နေ့တွင် လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ပါဝင်သည့် လုပ်ငန်းစဉ်များအရ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံသုံးသပ်ချက် အစီရင်ခံစာ ထုတ်ပြန်ရေးလုပ်ငန်းများတွင် ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။

၂၈။ UMFCCI သည် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် လာဘ်ပေးခြင်း အပါအဝင် အဂတိလိုက်စားမှု ပုံစံအားလုံး တိုက်ဖျက်ရေးကို အခြေခံထားသည့် UN Global Compact နှင့် စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိရာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော လုပ်ငန်းများဖြစ်စေရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် သင်တန်း(၆)ကြိမ်ကို ချင်းပြည်နယ် တီးတိန်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ မြောက်ဦးမြို့နှင့် မင်းပြားမြို့၊ စစ်ကိုင်းတိုင်း မုံရွာမြို့ နှင့် ကလေးမြို့များတွင် ၂၀၁၉ ခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၉။ အဆိုပါမြို့များတွင် ကျင်းပသည့် ဆွေးနွေးဟောပြောပွဲများနှင့် သင်တန်းများသို့ တက်ရောက်လာကြသည့် စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအား UN Global Compact ၏ လိုက်နာရမည့် အခြေခံမှု(၁၀)ချက်တွင် ပါဝင်သည့် လာဘ်ပေးခြင်း အပါအဝင် အဂတိလိုက်စားမှု ပုံစံအားလုံး တိုက်ဖျက်ရေးကို လုပ်ဆောင်ရေးနှင့် စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့အပြင် အဂတိလိုက်စားမှုနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေးပွဲများတွင်လည်း UMFCCI မှ စဉ်ဆက်မပြတ် ပူးပေါင်းပါဝင် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။

၃၀။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက်နေ့တွင် ကော်မရှင်မှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁၄/ ၂၀၁၈)တွင် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အခြေခံခိုင်မာသော ကျင့်ဝတ်များ၊ သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရန် အခြေခံအချက်များ သတ်မှတ်ထားရှိခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်း အဖွဲ့အစည်းများ၊ ကုမ္ပဏီများမှ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ကော်မရှင်သည် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၃၁။ မြန်မာနိုင်ငံရှိ ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၌ စီမံအုပ်ချုပ်မှု ပိုမိုအားကောင်းလာစေရေးအတွက် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်း(OECD)၏ နည်းပညာအကူအညီဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းများ ရေးဆွဲရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ငွေချေးသက်သေခံလုပ်ငန်းကော်မရှင်နှင့် OECD တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အကြံပေးကော်မတီကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွဲ့စည်းကာ စည်းမျဉ်းရေးဆွဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃၂။ စီမံအုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းများကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း အပြီးသတ် ရေးဆွဲဆောင်ရွက်မည်ဖြစ်ပြီး ပွင့်လင်း မြင်သာမှုနှင့် ထုတ်ဖော်ဖွင့်ဟမှုကို အရေးကြီးသည့် အချက်တစ်ချက်အနေဖြင့် ထည့်သွင်းရေးဆွဲသွားမည်ဖြစ်သဖြင့် ကုမ္ပဏီများအနေဖြင့် အဆိုပါ စည်းမျဉ်းများကို လိုက်နာကျင့်သုံးသွားရမည်ဖြစ်ရာ အဂတိလိုက်စားမှု တားဆီးကာကွယ်ပေးနိုင်မည့် ထိရောက်သော အစီအမံတစ်ခု ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခြင်း

၃၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်(၂၀၁၈-၂၀၂၁) လုပ်ငန်းဧရိယာ(၁)ဖြစ်သည့် “အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေသည့် အခြေခံကောင်းများတည်ဆောက်ခြင်း”ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူတစ်ဦးချင်းအပေါ် သို့ သက်ရောက်နေသော အသေးစား အဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းစေရန်နှင့် ပြည်သူလူထု၏ လိုအပ်ချက်များနှင့်အညီ လုပ်ဆောင်ပေးနေသော ဝန်ဆောင်မှုများကို ပြည်သူလူထုထံသို့ ပိုမိုပြည့်စုံကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးနှင့် အစိုးရဌာန၊ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ (Corruption Prevention Unit-CPU) များကို ဖွဲ့စည်းခဲ့ပါသည်။

၃၄။ ရှေ့ပြေးစီမံကိန်း၏ ပထမအဆင့်အဖြစ် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း(၁၄)ခုတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းရန် ခွင့်ပြုချက်ရရှိခဲ့ပါသဖြင့် မူဝါဒပိုင်းဆိုင်ရာများဆွေးနွေးရန် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၁၉-၁-၂၀၁၉ ရက်နေ့တွင် Park Royal ဟိုတယ်၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ အပါအဝင် စုစုပေါင်းအင်အား(၆၀)ဦးခန့် ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်(၃)ရပ်ကို ချမှတ်နိုင်ခဲ့ပါသည်-






(က) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့် သက်ဆိုင်သော အဂတိလိုက်စားမှု ပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊

(ခ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီဖြေရှင်းရန်၊

(ဂ) အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်။











## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်းခြင်း

၃၅။ ရှေ့ပြေးစီမံကိန်းအဖြစ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကို အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၁၄)ခုတို့တွင် ဖွဲ့စည်းခဲ့ပါသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ခ) ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(စ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဆ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဇ) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဈ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ည) ပညာရေးဝန်ကြီးဌာန

(ဋ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဌ) ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဍ) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
(ပ) ပြည်ထောင်စုရှေ့နေချုပ်ရုံး

၃၆။ ကော်မရှင်အနေဖြင့်လည်း ကော်မရှင်၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး သက်ဆိုင်ရာဌာနများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးတို့နှင့်ပူးပေါင်း၍ လိုအပ်သည့် နည်းပညာအကူအညီများရရှိရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းတာဝန်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် လစဉ်အစီရင်ခံစာပြုစု၍ အချိန်မီပေးပို့နိုင်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်လျက် ရှိပါသည်။

၃၇။ ရှေ့ပြေးစီမံကိန်းတွင် ပါဝင်ခြင်းမရှိသော်လည်း ဝန်ကြီးဌာနများ၏ သဘောဆန္ဒအလျောက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကို အောက်ဖော်ပြပါ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း(၇)ခုတို့တွင် တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သဖြင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း စုစုပေါင်း (၂၂)ခု တို့တွင် CPU အဖွဲ့ (၃၆)ဖွဲ့ ဖွဲ့စည်းထားပြီး ဖြစ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
(ခ) နိုင်ငံခြားရေးဝန်ကြီးဌာန
(ဂ) ကာကွယ်ရေးဝန်ကြီးဌာန
(ဃ) အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန
(င) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
(စ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(ဆ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)နည်းပညာဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း

၃၈။ **သင်တန်းအမှတ်စဉ်(၁/၂၀၁၉)ဖွင့်လှစ်ခြင်း။** အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU)များ၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်နှင့် နည်းပညာဆိုင်ရာ အထောက်အပံ့များ ရရှိရေးအတွက် သင်တန်းအမှတ်စဉ် (၁/၂၀၁၉)ကို UNDP ၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်မှ ၇ ရက်နေ့အထိ၊ Kempinski Hotel၊ နေပြည်တော်၌ ရွေ့ပြေးစီမံကိန်းအဖြစ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းထားသော ပြည်ထောင်စုဝန်ကြီး ဌာနနှင့် အဖွဲ့အစည်း(၁၄)ခုမှ သင်တန်းသား(၁၁၃)ဦး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ သင်တန်းသား(၁၈)ဦး စုစုပေါင်း(၁၃၁)ဦးတို့ဖြင့် ဖွင့်လှစ်ပို့ချခဲ့ပါသည်။







၃၉။ **သင်တန်းအမှတ်စဉ်(၂/၂၀၁၉)ဖွင့်လှစ်ခြင်း။** အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ပိုမိုတိုးတက်လာစေရန်နှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် နည်းပညာအခက်အခဲများကို ထပ်မံဖြည့်ဆည်းပေးနိုင်ရန်အတွက် သင်တန်းအမှတ်စဉ်(၂/၂၀၁၉)ကို ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးတို့၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ၊ Park Royal Hotel၊ နေပြည်တော်၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး အပါအဝင် ရွေ့ပြေးစီမံကိန်းတွင် ပါဝင်နေသည့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း(၁၄)ခု၊ ရွေ့ပြေးစီမံကိန်းတွင် ပါဝင်ခြင်းမရှိသည့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း(၄)ခုမှ စုစုပေါင်းသင်တန်းသား(၂၀၉)ဦးတို့ကို ဖွင့်လှစ်ပို့ချခဲ့ရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ လေ့လာသူအဖြစ် ပါဝင်တက်ရောက်ခဲ့ပါသည်။






၄၀။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး နည်းပညာဆိုင်ရာသင်တန်းများတွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ၊ ကျင့်ဝတ်၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်ခြင်း (Corruption Risk Assessment)၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံများနှင့် အခြားသိမှတ်ဖွယ်ရာများကို ပို့ချခဲ့ပါသည်။

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များအတွက် လုပ်ငန်းအစီအစဉ်(၆)ရပ် ချမှတ်ခြင်း

၄၁။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ နည်းပညာဆိုင်ရာသင်တန်း အမှတ်စဉ် (၂/ ၂၀၁၉)တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းအစီအစဉ်(၆)ရပ်ကို အောက်ဖော်ပြပါအတိုင်း ချမှတ်နိုင်ခဲ့ပါသည်-

(က) ပြည်ထောင်စုဝန်ကြီးများ၊ အကြီးအကဲများ၏ ခွင့်ပြုချက်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အသီးသီးအတွက် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲထားရှိရန်၊

(ခ) ပြည်ထောင်စုဝန်ကြီးများ၊ အကြီးအကဲများ၏ ခွင့်ပြုချက်ရယူလျက် ဦးစီးဌာန/လုပ်ငန်းဌာနများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အချက်များပါဝင်သော တည်မြဲလုပ်ထုံးလုပ်နည်းများ (Standing Operating Procedures– SOP)ကို သက်ဆိုင်ရာဌာနများက ရေးဆွဲရေးနှင့် အများပြည်သူ သိသင့်သည်များကို လက်အောက်ရုံး/ဌာနခွဲ/ဌာနစိတ်တို့တွင် ပွင့်လင်းမြင်သာသော နည်းလမ်းများဖြင့် ထင်ရှားစွာ ရေးသားချိတ်ဆွဲပြသထားရန်၊ ဝက်ဘ်ဆိုက်များတွင်လည်း ထည့်သွင်းအသိပေးကြေညာရန်၊

(ဂ) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်ခြင်းကို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU)များက တာဝန်ယူဆောင်ရွက်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၊ အကြီးအကဲများထံ တင်ပြသွားရန်၊

(ဃ) စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး လာဘ်ပေးလာဘ်ယူနှင့် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိမှုမှ ကာကွယ်ရန်အတွက် အစိုးရဌာနများနှင့် ဆက်စပ်လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကျင့်ဝတ်များရေးဆွဲထားခြင်းရှိ/မရှိ စိစစ်ရန်နှင့် ကျင့်ဝတ်ရေးသား လိုက်နာခြင်းမရှိသော စီးပွားရေးလုပ်ငန်းများနှင့် ဝယ်ယူရေး၊ ရောင်းချရေး၊ တည်ဆောက်ရေးကိစ္စများ၌ လက်ခံဆောင်ရွက်ခြင်းမပြုရန်၊

(င) တစ်ဘက်နှင့် အခြားတစ်ဘက် အခက်အခဲများ ဖြေရှင်းရန်နှင့် အထင်အမြင် လွဲမှားမှုမရှိစေရန် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအကြား အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဖိုရမ်များ၊ ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU)များက ညှိနှိုင်းစီစဉ်ပေးရန်၊

(စ) ပြည်ထောင်စုဝန်ကြီးများ၏ လမ်းညွှန်မှုကိုခံယူလျက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU)များသည် အောက်ခြေရုံးဌာနခွဲများတွင် ဝန်ဆောင်မှု ရယူကြရသော ပြည်သူတစ်ဦးချင်းထံသို့ CPU Toolkit နည်းပညာအသုံးပြု၍ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြီး အသေးစားအဂတိလိုက်စားမှုများ မဖြစ်စေရန် တားဆီးကာကွယ်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုသွားရန်။

## CPU အဖွဲ့များ၏အကောင်အထည်ဖော်ဆောင်ရွက်မှုများ

၄၂။ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့(CPU)များအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ မူဝါဒများချမှတ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို လစဉ်ပြုစု၍ နိုင်ငံတော်သမ္မတရုံးသို့ ပေးပို့တင်ပြပြီး ကော်မရှင်ရုံးသို့ မိတ္တူပေးပို့လျက်ရှိပါသည်။

၄၃။ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများအရ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU)များသည် မူလလုပ်ငန်းတာဝန်များအပြင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများအလိုက် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒများအပေါ် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေအန္တရာယ်ရှိမှုများအား လေ့လာခြင်းနှင့် တည်မြဲလုပ်ထုံးလုပ်နည်းများရေးဆွဲခြင်း စသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ဝန်ထမ်း အသစ်ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် အပြောင်းအရွှေ့ကိစ္စများ၊ ဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များအတွက် တင်ဒါခေါ်ယူခြင်းလုပ်ငန်းများတွင် အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၄၄။ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း (၁၆)ခုရှိ CPU အဖွဲ့များထံသို့ အဂတိလိုက်စားမှုနှင့် ပတ်သက်၍ သတင်းပို့တိုင်ကြားနိုင်ရန် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ထားရှိကြောင်း တွေ့ရှိရပါသည်-

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | သတင်းပို့တိုင်ကြားနိုင်သည့်တာဝန်ခံဦးရေ | ဌာန/ ဌာနခွဲ အရေအတွက် | ဖုန်းနံပါတ် အရေအတွက် | E-mail အရေအတွက် | အကြံပြုစာပုံး အရေအတွက် | Website ထားရှိမှု အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၇ | ၁ | ၁ | ၁ | ၃ | ၁ | |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၈ | ၇ | ၁၃ | ၁ | - | ၁ | |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၂၁ | ၈ | ၂၁ | ၁ | ၂၂ | ၂ | |
| ၄ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ၄ | ၂ | ၄ | ၂ | ၂ | ၁ | |
| ၅ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၄၃ | ၁၃ | ၅၇ | ၁၅ | - | ၁ | |
| ၆ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၇၃ | ၄၉ | ၇၀ | ၅၆ | ၁၀ | ၁၀ | |
| ၇ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | ၄၉ | ၂၉ | ၇၀ | ၄၆ | ၄ | ၄ | |
| ၈ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | - | ၃ | ၄ | - | - | - | |
| ၉ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၁၈ | ၈ | ၂၃ | ၅ | - | ၂ | |
| ၁၀ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | - | - | - | ၂ | - | - | |
| ၁၁ | ပညာရေးဝန်ကြီးဌာန | ၂ | ၂ | ၂ | ၁ | ၂ | ၉ | |
| ၁၂ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၈ | ၈ | ၇ | ၇ | ၁ | ၇ | |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | သတင်းပို့ တိုင်ကြားနိုင်သည့် တာဝန်ခံ ဦးရေ | ဌာန/ ဌာနခွဲ အရေအတွက် | ဖုန်းနံပါတ် အရေအတွက် | E-mail အရေအတွက် | အကြံပြုစာပုံး အရေအတွက် | Website ထားရှိမှု အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁၃ | ဆောက်လုပ်ရေးဝန်ကြီးဌာန | - | - | - | ၁ | ၂ | ၁ | |
| ၁၄ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၃ | ၃ | ၃ | ၁ | ၁ | - | |
| ၁၅ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁ | ၁ | ၁ | ၁ | ၁ | ၁ | |
| ၁၆ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၂ | ၁ | ၂ | ၂ | ၁ | ၂ | |
| | စုစုပေါင်း | ၂၃၉ | ၁၃၅ | ၂၇၈ | ၁၄၂ | ၄၉ | ၄၂ | |

၄၅။ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၅)ခုရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များထံသို့ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ တိုင်ကြားလာသည့် တိုင်ကြားစာ(၅)စောင်နှင့် ဝက်ဘ်ဆိုက်သို့ပေးပို့တိုင်ကြားစာ(၂)စောင် စုစုပေါင်း(၇)စောင် လက်ခံရရှိခဲ့ပါသည်။ စိစစ်ချက်အရ တိုင်ကြားစာ(၂)စောင်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်ခြင်းမရှိဘဲ တည်ဆဲဥပဒေအရ အရာထမ်း(၃)ဦးကို အရေးယူဆောင်ရွက်ခဲ့ကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းသို့ တိုင်ကြားစာ(၁)စောင် လွှဲပြောင်းပေးပို့ခဲ့ကြောင်းနှင့် မှန်ကန်မှုမရှိသဖြင့် အရေးယူဆောင်ရွက်နိုင်ခြင်းမရှိသည့် တိုင်ကြားစာ(၂)စောင်နှင့် စိစစ်ဆောင်ရွက်ဆဲ(၂)စောင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄၆။ CPU အဖွဲ့များအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများရှိ ဝန်ထမ်းများအား အသိပညာပေးခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | အကြောင်းအရာ | | | | |
|---|---|---|---|---|---|---|
| | | စီမံခန့်ခွဲမှုအရ ဆောင်ရွက်မှု | အသိပညာပေး ဟောပြော ဆွေးနွေးမှု | သင်တန်းများ ပို့ချမှု | လက်ကမ်း စာစောင်များ ဖြန့်ဝေမှု | အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပမှု |
| ၁ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | - | ၈ | ၂၈ | ၂၃၉၀ | ၅ |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | - | ၁ | ၁ | - | - |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၁ | ၄၅ | ၁၁ | ၆၀ | ၃၁ |
| ၄ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ၈ | ၈ | - | ၈ | - |
| ၅ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | - | ၁၄၅ | - | - | ၄၉ |
| ၆ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၉ | ၁၅၆ | ၂၅ | - | - |
| ၇ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၆၄ | ၉၀၀ | ၆ | ၅၆၈ | - |
| ၈ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | - | ၃၆ | - | - | - |
| ၉ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၁ | ၁၆ | - | - | - |
| ၁၀ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | - | ၃၅ | ၁ | ၂၉၅၄ | - |
| ၁၁ | ပညာရေးဝန်ကြီးဌာန | ၃၄ | ၁၄ | - | ၁၀ | ၇ |
| ၁၂ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၃ | - | ၃ | - | - |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | အကြောင်းအရာ | | | | |
|---|---|---|---|---|---|---|
| | | စီမံခန့်ခွဲမှုအရ ဆောင်ရွက်မှု | အသိပညာပေး ဟောပြော ဆွေးနွေးမှု | သင်တန်းများ ပို့ချမှု | လက်ကမ်း စာစောင်များ ဖြန့်ဝေမှု | အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပမှု |
| ၁၃ | ဆောက်လုပ်ရေးဝန်ကြီးဌာန | - | ၂၅ | ၃ | ၂၉ | - |
| ၁၄ | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန | ၂ | ၅ | ၂ | ၅၀ | ၂ |
| ၁၅ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၅ | ၁၄ | ၂ | - | - |
| ၁၆ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | - | ၁ | ၁ | - | - |
| | စုစုပေါင်း | ၁၃၇ | ၁၄၀၉ | ၈၃ | ၆၀၆၉ | ၉၄ |

၄၇။ **CPU Toolkit အသုံးပြုဆောင်ရွက်ခြင်း။** အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများ၏ ကြီးကြပ်မှုအောက်ရှိ ရုံးဌာနခွဲများတွင် အသေးစား အဂတိလိုက်စားမှုများကို လျှော့ချရန်နှင့် ကာကွယ်တားဆီးရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကို သိရှိရန်၊ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများက ပြည်သူများ၏ နေ့စဉ်စားဝတ်နေရေးကို အလေးထားကြောင်း ပြည်သူများသိရှိရန်နှင့် ပြည်သူများအကြား ယုံကြည်မှု ပိုမိုခိုင်မာလာစေရန်တို့အတွက် ရည်ရွယ်ပြီး ဝန်ဆောင်မှုရယူခဲ့သော ပြည်သူများ၏ တယ်လီဖုန်းများသို့ SMS မှတစ်ဆင့် မေးခွန်းများ ပေးပို့မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုရယူနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်အဖွဲ့၏ နည်းပညာအကူအညီဖြင့် ICT နည်းပညာကို အခြေခံရေးဆွဲထားသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ Proactive Beneficiary Engagement (PBE) ယန္တရားကို CPU Toolkit အဖြစ် အသုံးပြုဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၄၈။ CPU Toolkit အသုံးပြုနိုင်ရန်အတွက် အသုံးပြုနည်းသင်တန်းကို ၁-၈-၂၀၁၉ ရက်နေ့တွင် Kempinski Hotel၊ နေပြည်တော်၌ ဖွင့်လှစ်ပို့ချခဲ့ရာ ကော်မရှင်ရုံး အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း(၁၈)ခုတို့မှ စုစုပေါင်း သင်တန်းသား(၈၃)ဦး တက်ရောက်ခဲ့ပါသည်။ CPU Toolkit ကို ရှေ့ပြေးစီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း(၁၀)ခုတို့နှင့် ညှိနှိုင်း အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး အဆင်ပြေစွာ စမ်းသပ်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာရုံးများသို့ ကော်မရှင်ရုံးနှင့် ကမ္ဘာ့ဘဏ်အဖွဲ့မှ တာဝန်ရှိသူများပူးပေါင်း၍ သင်တန်းများ သွားရောက်ပို့ချခဲ့ပါသည်။













၄၉။ အသေးစားအဂတိလိုက်စားမှု လျှော့ချရေးအတွက် CPU Toolkit စမ်းသပ်ဆောင်ရွက်ခြင်း အခမ်းအနားကို ၉-၁၀-၂၀၁၉ ရက်နေ့တွင် Kempinski Hotel၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပြီး CPU Toolkit ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန (၁၀)ခုမှ CPU Account (၁၃)ခုဖြင့် စတင်စမ်းသပ်ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ CPU Account (၃၆)ခု၊ Data Entry Operator-DEO Account (၃၂၆)ခုဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး CPU Account နှင့် DEO Account များ၏ ဖြန့်ဝေထားမှု အခြေအနေကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**DEO Account နှင့် CPU Account ဖြန့်ဝေထားမှုအခြေအနေ**



၅၀။ CPU Toolkit နည်းပညာအရ DEO Account များ၏ ဆောင်ရွက်ချက်မှာ သက်ဆိုင်ရာ ရုံးဌာနခွဲများသို့ ဝန်ဆောင်မှုလာရောက်ရယူကြသော ပြည်သူများထံမှ အမည်နှင့် ဖုန်းနံပါတ်များ စုဆောင်း၍ CPU Account များထံ ပေးပို့ခြင်းကို ဆောင်ရွက်ပြီး၊ CPU Account များအနေဖြင့် ပြည်သူ့တုံ့ပြန်မှု ရယူရန်အတွက် ပြည်သူများ၏ဖုန်းများသို့ ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ မေးခွန်းများကို စာတို(Short Message Service-SMS) ပေးပို့မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်း လုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း (၁၀)ခုရှိ CPU အဖွဲ့များမှ ဆောင်ရွက်ခဲ့ရာ ပြည်သူ့တုံ့ပြန်မှု ရယူခဲ့မှုအခြေအနေမှာ-

| စဉ် | အကြောင်းအရာ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | CPU Account အရေအတွက် | ၇ | ၂၀ | ၂၂ | |
| ၂ | ပေးပို့ခဲ့သည့် SMS | ၁၉၉၈ | ၅၇၃၀ | ၁၈၈၅၀ | |
| ၃ | Reply Message | ၄၃၃ | ၁၃၁၃ | ၃၁၉၇ | |
| ၄ | လစဉ်တုံ့ပြန်မှုနှုန်း { Reply Message : SMS } | ၂၀% | ၂၃% | ၁၇% | |


ကော်မရှင်ရုံးသို့ လာရောက်စဉ်က
ကြုံတွေ့ရသော အခက်အခဲများနှင့်
ဝန်ဆောင်မှုအပေါ် ကျေနပ်မှု ရှိ/မရှိ
ဖြေကြားပေးစေလိုပါတယ်။
(အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး)
CPU


အခုလို ရရှိကြောင်း
သတင်းပေးပို့တဲ့အတွက်
ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်ကိုယ်တိုင်
မလာနိုင်သည့်အတွက် ပုဂ္ဂလိကချောနှင့်
ပေးပို့ခိုင်းရပါသည်။ အားလုံးလည်း
အဆင်ပြေချောမွေ့မည်ဟု
ယုံကြည်ပါသည်။
ဝန်ဆောင်မှုရယူသူ


ဝန်ဆောင်မှုအပေါ်ကျေနပ်မှု ရှိ/မရှိ
လာဘ်ငွေတောင်းခံခဲ့ခြင်းရှိ/မရှိအား
(၃) ရက် အတွင်း
ပြန်လည်ဖြေကြားပေးနိုင်ပါရန်နှင့်
ဝန်ဆောင်မှုကောင်းမွန်ရန်လည်း
အကြံပြုပေးပါ။
(ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန)
CPU


ဝန်ဆောင်မှု သင့်တင့်ပါသည်။
အချို့ဝန်ထမ်းများမှာ အနည်းငယ်
စကားပြောမပြေပြစ်သည်ကို
တွေ့ရှိရပါသည်။
လာဘ်စားခြင်းမရှိပါ။
ဝန်ဆောင်မှုရယူသူ

# အခန်း (၃)

# စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းကဏ္ဍ

## တိုင်ကြားစာလက်ခံရရှိမှု

၅၁။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ နေပြည်တော် ကော်မရှင်ရုံးသို့ ရောက်ရှိလာသော တိုင်ကြားစာ(၈၄၇၈)စောင်၊ ရန်ကုန်ရုံးခွဲသို့ ရောက်ရှိလာသော တိုင်ကြားစာ (၅၂၈)စောင်၊ မန္တလေးရုံးခွဲသို့ ရောက်ရှိလာသော တိုင်ကြားစာ (၃၈၈)စောင် အပါအဝင် တိုင်ကြားစာ စုစုပေါင်း (၉၃၉၄)စောင် လက်ခံရရှိပါသည်။



ကော်မရှင်စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ နှစ်အလိုက် တိုင်ကြားစာများလက်ခံရရှိမှု




၅၂။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ရောက်ရှိသည့် တိုင်ကြားစာ ၉၃၉၄ စောင်နှင့် ၂၀၁၈ ခုနှစ် စိစစ်ရန်လက်ကျန် ၆၁၀ စောင်၊ စုစုပေါင်း တိုင်ကြားစာ ၁၀၀၀၄ စောင်၏ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လက်ခံရရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်အမည် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလထိ |
|---|---|---|
| ၁ | နေပြည်တော် | ၄၈၆ |
| ၂ | ကချင်ပြည်နယ် | ၁၉၇ |
| ၃ | ကယားပြည်နယ် | ၃၅ |
| ၄ | ကရင်ပြည်နယ် | ၁၆၃ |
| ၅ | ချင်းပြည်နယ် | ၇၅ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၉၃၂ |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်အမည် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလထိ |
|---|---|---|
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၁၆၀ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၉၅၇ |
| ၉ | မကွေးတိုင်းဒေသကြီး | ၅၄၈ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၁၈၁၁ |
| ၁၁ | မွန်ပြည်နယ် | ၄၇၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၂၃၈ |
| ၁၃ | ရခိုင်ပြည်နယ် | ၂၇၀ |
| ၁၄ | ရှမ်းပြည်နယ် | ၅၃၇ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၁၁၁၆ |
| စုစုပေါင်း | | ၁၀၀၀၄ |


၅၃။ ကော်မရှင်မှ လက်ခံရရှိသည့် တိုင်ကြားစာများ၏ အခြေအနေအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | တိုင်ကြားစာလက်ခံရရှိမှု | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလထိ |
|---|---|---|
| ၁ | နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့က လွှဲပြောင်းပေးပို့ခြင်း | ၁၄၇ |
| ၂ | ကော်မရှင်ထံ လိပ်မူ၍ တိုင်ကြားခြင်း | ၈၂၃၃ |
| ၃ | တိုင်ကြားစာ မိတ္တူပေးပို့ခြင်း | ၁၅၁၀ |
| ၄ | ပစ်စာ | ၁၁၄ |
| စုစုပေါင်း | | ၁၀၀၀၄ |

## တိုင်ကြားစာများအပေါ် စီမံဆောင်ရွက်မှု

၅၄။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လက်ခံရရှိသည့် တိုင်ကြားစာ ၉၃၉၄ စောင်နှင့် ၂၀၁၈ ခုနှစ်မှ စိစစ်ဆဲတိုင်ကြားစာ ၆၁၀ စောင်၊ စုစုပေါင်း တိုင်ကြားစာ ၁၀၀၀၄ စောင်အပေါ် အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေကို ဖော်ပြအပ်ပါသည်-

### တိုင်ကြားစာများအပေါ် အရေးယူဆောင်ရွက်ထားရှိမှု




၅၅။ အရေးယူဆောင်ရွက်ပေးနိုင်သည့် တိုင်ကြားစာ ၆၁၇၂ စောင်နှင့် ပတ်သက်၍ ကော်မရှင်မှ စုံစမ်းစစ်ဆေးသည့် တိုင်ကြားစာ ၈၄ စောင်၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ အရေးယူဆောင်ရွက်ရန် လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ ၁၂၇၅ စောင်နှင့် တိုင်ကြားသူတစ်ဦးချင်းထံသို့ တိုင်ကြားစာပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည်များကို ဖော်ပြအကြံပြုချက်များဖြင့် ပြန်ကြားပေးသည့် တိုင်ကြားစာ ၄၈၁၄ စောင် ဖြစ်ပါသည်။

၅၆။ ၂၀၁၈ ခုနှစ်တွင် စုံစမ်းစစ်ဆေးဆဲ တိုင်ကြားစာ ၁၇ စောင်နှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စုံစမ်းစစ်ဆေးခဲ့သည့် တိုင်ကြားစာ ၈၄ စောင်၊ စုစုပေါင်းတိုင်ကြားစာ ၁၀၁ စောင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၆(ဍ) အရ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ ၁၂၇၅ စောင်၊ စုစုပေါင်း ၁၃၇၆ စောင်အပေါ် အရေးယူဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | စောင်ရေ | ဦးရေ |
|---|---|---|---|
| ၁ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲတင်ပို့မှု | ၅၀ | ၈၁ |
| ၂ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၀(ခ)အရ အရေးယူဆောင်ရွက်မှု | ၂၂ | ၈၅ |
| ၃ | တည်ဆဲဥပဒေဖြင့် အရေးယူဆောင်ရွက်ရန်အကြောင်းကြားမှု | ၄ | ၄၀ |
| ၄ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းသည့် အထောက်အထား စစ်ဆေးပေါ်ပေါက်ခြင်းမရှိသည့် တိုင်ကြားစာ | ၄ | - |
| ၅ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆(ဍ)အရ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ | ၁၂၇၅ | ၆၀၃ |
| ၆ | စုံစမ်းစစ်ဆေးဆောင်ရွက်ဆဲတိုင်ကြားစာ | ၂၁ | - |
| | စုစုပေါင်း | ၁၃၇၆ | ၈၀၉ |

၅၇။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စုံစမ်းစစ်ဆေးခဲ့သည့် တိုင်ကြားစာအပေါ် လူဦးရေ(၈၁)ဦးအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ အမှုပေါင်း(၉၈)မှုဖြင့် အမှုဖွင့် တရားစွဲဆို အရေးယူဆောင်ရွက်နိုင်မှု အခြေအနေ-

| စဉ် | ရာထူးအဆင့် | လူဦးရေ |
|---|---|---|
| ၁ | နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ | ၁ |
| ၂ | အဆင့်မြင့်အရာရှိ | ၃ |
| ၃ | အရာထမ်း | ၂၃ |
| ၄ | အမှုထမ်း | ၃၈ |
| ၅ | ပြည်သူ့ဝန်ထမ်း | ၁ |
| ၆ | ပြင်ပပုဂ္ဂိုလ် | ၁၅ |
| | စုစုပေါင်း | ၈၁ |

၅၈။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးပေါ်ပေါက်ချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၀(ခ)ဖြင့် အရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးမှုအခြေအနေ-

| စဉ် | ရာထူးအဆင့် | လူဦးရေ |
|---|---|---|
| ၁ | အဆင့်မြင့်အရာရှိ | ၁ |
| ၂ | အရာထမ်း | ၃၈ |
| ၃ | အမှုထမ်း | ၃၄ |
| ၄ | ပြည်သူ့ဝန်ထမ်း | ၁၂ |
| ၅ | တည်ဆဲဥပဒေဖြင့် အရေးယူခြင်း | ၄၀ |
| | စုစုပေါင်း | ၁၂၅ |

၅၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၀(ခ)အရ ကော်မရှင်မှ လွှဲပြောင်းပေးမှုအပေါ် သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူဆောင်ရွက်မှု အခြေအနေ-

| စဉ် | ရာထူးအဆင့် | အရေးယူဆောင်ရွက်မှု | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | စာဖြင့်သတိပေး | နှစ်တိုးလစာရပ်ဆိုင်း | ရာထူးတိုးရပ်ဆိုင်း | လစာနှုန်းထားလျှော့ | ရာထူးအဆင့်လျှော့ | တာဝန်မှရပ်စဲ | ဝန်ထမ်းမှထုတ်ပစ် | ရဲအမှုထမ်းသက်လျှော့ | အရေးယူရန်အကြောင်းကြား | စုစုပေါင်း (လူဦးရေ) |
| ၁ | အဆင့်မြင့်အရာရှိ | - | - | - | - | - | - | ၁ | - | - | ၁ |
| ၂ | အရာထမ်း | ၂ | ၂ | ၅ | - | ၂ | ၁ | ၂ | ၂ | ၂၂ | ၃၈ |
| ၃ | အမှုထမ်း | ၁ | - | - | - | ၆ | - | ၁ | ၃ | ၂၃ | ၃၄ |
| ၄ | ပြည်သူ့ဝန်ထမ်း | - | - | - | - | - | ၇ | - | - | ၅ | ၁၂ |
| စုစုပေါင်း | | ၃ | ၂ | ၅ | - | ၈ | ၈ | ၄ | ၅ | ၅၀ | ၈၅ |

၆၀။ ကော်မရှင်သို့ ပေးပို့တိုင်ကြားလာသည့် တိုင်ကြားစာများအပေါ် ကော်မရှင်၏ စိစစ်ချက်အရ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆(ဃ)အရ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ (၁၂၇၅)စောင်အပေါ် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများမှ အရေးယူဆောင်ရွက်မှု အခြေအနေအား ဇယားများဖြင့် ဖော်ပြအပ်ပါသည်-

| စဉ် | ဌာနအမည် | လွှဲပြောင်းပေးပို့မှု (စောင်ရေ) | အရေးယူဆောင်ရွက်မှု အခြေအနေ(လူဦးရေ) | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | စာဖြင့်သတိပေး | နှစ်တိုးလစာရပ်ဆိုင်း | ရာထူးတိုးရပ်ဆိုင်း | လစာနှုန်းထားလျှော့ | ရာထူးအဆင့်လျှော့ | ပြောင်းရွှေ့ခြင်း | တာဝန်မှရပ်စဲ | ဝန်ထမ်းမှထုတ်ပစ် | ရဲစည်းကမ်းအရ | ရဲအမှုထမ်းသက်လျှော့ | ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်း | စုစုပေါင်း |
| ၁ | နိုင်ငံတော်သမ္မတရုံး | ၁ | | | | | | | | | | | | |
| ၂ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၅၀ | ၁၁ | | | ၂ | | | | | | | ၁၀ | ၂၃ |
| ၃ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၉ | ၄ | | ၁ | | ၂ | ၄ | ၁ | | | | | ၁၂ |
| ၄ | ပြည်ထဲရေး | ၁၈၈ | ၆၈ | ၂ | ၂ | | ၅ | ၃ | | ၇ | ၁၅ | ၂၀ | | ၁၂၂ |
| ၅ | ကာကွယ်ရေး | ၃ | ၁ | | | | | | | | | | | ၁ |
| ၆ | စီမံ/ဘဏ္ဍာ/စက်မှု | ၁၆ | ၂၅ | ၇ | ၃ | ၁ | ၉ | ၁ | | ၂ | | | | ၄၈ |
| ၇ | ပြန်ကြားရေး | ၁ | | | | | | | | | | | | |
| ၈ | စိုက်/မွေး/ဆည် | ၆၂ | ၄၀ | ၃ | ၂ | | ၁၃ | ၂ | | ၃ | | | | ၆၃ |
| ၉ | ပို့ဆောင်ရေးဆက်သွယ်ရေး | ၉ | ၅ | ၁ | | ၂ | ၃ | | | ၂ | | | | ၁၃ |
| ၁၀ | သယံဇာတ/ပတ်ဝန်းကျင် | ၂၉ | ၁၃ | ၁၂ | ၁ | ၂ | ၅ | | | ၃ | | | | ၃၆ |

| စဉ် | ဌာနအမည် | လွှဲပြောင်းပေးပို့မှု (စောင်ရေ) | အရေးယူဆောင်ရွက်မှု အခြေအနေ(လူဦးရေ) | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | စာဖြင့်သတိပေး | နှစ်တိုးလစာရပ်ဆိုင်း | ရာထူးတိုးရပ်ဆိုင်း | လစာနှုန်းထားလျှော့ | ရာထူးအဆင့်လျှော့ | ပြောင်းရွှေ့ခြင်း | တာဝန်မှရပ်စဲ | ဝန်ထမ်းမှထုတ်ပစ် | ရဲစည်းကမ်းအရ | ရဲအမှုထမ်းသက်လျှော့ | ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်း | စုစုပေါင်း |
| ၁၁ | လျှပ်စစ်နှင့်စွမ်းအင် | ၁၈ | ၁၀ | ၁ | | | | | | ၁ | | | | ၁၂ |
| ၁၂ | အလုပ်သမား/လဝက | ၂၈ | ၁၃ | | ၇ | | | ၆ | | | | | | ၂၆ |
| ၁၃ | စီးပွား/ကူးသန်း | ၁ | ၁ | | | | | | | | | | | ၁ |
| ၁၄ | ပညာရေး | ၅၄ | ၃၀ | ၂ | | | ၃ | ၃ | | ၂ | | | | ၄၀ |
| ၁၅ | ကျန်းမာရေး/အားကစား | ၃၄ | ၈ | | ၁ | | ၂ | ၁ | | ၁ | | | | ၁၃ |
| ၁၆ | ဆောက်လုပ်ရေး | ၆ | ၃ | | | | | | | | | | | ၃ |
| ၁၇ | လူ/ကယ်/ပြန် | ၁ | | | | | | | | | | | | |
| ၁၈ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁၁ | ၄ | | ၃ | | ၁ | | | | | | | ၈ |
| ၁၉ | ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး | ၁ | | | | | | | | | | | | |
| ၂၀ | နေပြည်တော်ကောင်စီ | ၂၂ | ၁၁ | | | | | | ၁ | | | | | ၁၂ |

| စဉ် | ဌာနအမည် | လွှဲပြောင်းပေးပို့မှု (စောင်ရေ) | အရေးယူဆောင်ရွက်မှု အခြေအနေ(လူဦးရေ) | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | စာဖြင့်သတိပေး | နှစ်တိုးလစာရပ်ဆိုင်း | ရာထူးတိုးရပ်ဆိုင်း | လစာနှုန်းထားလျှော့ | ရာထူးအဆင့်လျှော့ | ပြောင်းရွှေ့ခြင်း | တာဝန်မှရပ်စဲ | ဝန်ထမ်းမှထုတ်ပစ် | ရဲစည်းကမ်းအရ | ရဲအမှုထမ်းသက်လျှော့ | ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်း | စုစုပေါင်း |
| ၂၁ | ကချင်ပြည်နယ်အစိုးရ | ၁၄ | ၆ | | | | | ၁ | | | | | | ၇ |
| ၂၂ | ကယားပြည်နယ်အစိုးရ | ၁ | | | | | | | | | | | | |
| ၂၃ | ကရင်ပြည်နယ်အစိုးရ | ၂၀ | ၆ | | | | | | ၂ | | | | | ၈ |
| ၂၄ | ချင်းပြည်နယ်အစိုးရ | ၇ | ၄ | | | | | | | | | | | ၄ |
| ၂၅ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ | ၁၂၈ | ၆ | | | | | | ၁ | | | | | ၇ |
| ၂၆ | တနင်္သာရီတိုင်းဒေသကြီးအစိုးရ | ၁၁ | | | | | ၁ | | | | | | | ၁ |
| ၂၇ | ပဲခူးတိုင်းဒေသကြီးအစိုးရ | ၉၄ | ၁၉ | | | | | | ၇ | | | | | ၂၆ |
| ၂၈ | မကွေးတိုင်းဒေသကြီးအစိုးရ | ၇၀ | ၁၉ | | ၃ | | | | ၂ | | | | | ၂၄ |
| ၂၉ | မန္တလေးတိုင်းဒေသကြီးအစိုးရ | ၁၀၅ | ၁၅ | | | | | | ၆ | ၁ | | | | ၂၂ |

| စဉ် | ဌာနအမည် | လွှဲပြောင်းပေးပို့မှု (စောင်ရေ) | အရေးယူဆောင်ရွက်မှု အခြေအနေ(လူဦးရေ) | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | စာဖြင့်သတိပေး | နှစ်တိုးလစာရပ်ဆိုင်း | ရာထူးတိုးရပ်ဆိုင်း | လစာနှုန်းထားလျှော့ | ရာထူးအဆင့်လျှော့ | ပြောင်းရွှေ့ခြင်း | တာဝန်မှရပ်စဲ | ဝန်ထမ်းမှထုတ်ပစ် | ရဲစည်းကမ်းအရ | ရဲအမှုထမ်းသက်လျှော့ | ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်း | စုစုပေါင်း |
| ၁၀ | မွန်ပြည်နယ်အစိုးရ | ၄၂ | ၅ | | | | | | ၂ | | | | | ၇ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီးအစိုးရ | ၉၁ | ၂၇ | | | | | ၂ | | ၅ | | | | ၃၄ |
| ၁၂ | ရခိုင်ပြည်နယ်အစိုးရ | ၃၅ | ၇ | | | | | | ၁ | | | | | ၈ |
| ၁၃ | ရှမ်းပြည်နယ်အစိုးရ | ၁၈ | ၂ | | | | | | ၁ | | | | | ၃ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီးအစိုးရ | ၉၀ | ၁၄ | | ၁ | | | ၂ | ၂ | | | | | ၁၉ |
| ၁၅ | ရှေ့နေများကောင်စီ | ၁ | | | | | | | | | | | | |
| ၁၆ | မြန်မာနိုင်ငံကြက်ခြေနီအသင်း | ၁ | | | | | | | | | | | | |
| ၁၇ | ရွေးကောက်ပွဲကော်မရှင် | ၁ | | | | | | | | | | | | |
| စုစုပေါင်း | | ၁၂၇၅ | ၃၇၇ | ၂၈ | ၂၄ | ၇ | ၄၄ | ၂၅ | ၂၆ | ၂၇ | ၁၅ | ၂၀ | ၁၀ | ၆၀၃ |

## တိုင်ကြားသူများနှင့်လက်ခံတွေ့ဆုံဆွေးနွေးမှု

၆၁။ အဂတိလိုက်စားမှုနှင့်သက်ဆိုင်ခြင်း မရှိသည့် တိုင်ကြားစာများအား သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးပို့ခြင်း၊ ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်ခြင်း မရှိကြောင်းနှင့် မည်သို့ဆောင်ရွက်သင့်ကြောင်းကို တိုင်ကြားသူတစ်ဦးချင်းထံသို့ စာဖြင့်အကြောင်းပြန်ကြားခြင်းနှင့် လူကိုယ်တိုင်တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်အတွင်း တိုင်ကြားသူ(၁၀၁)ဦးအား လက်ခံတွေ့ဆုံ၊ ဆွေးနွေးဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## အဂတိလိုက်စားမှုကြောင့်ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများကိုပြည်သူ့ဘဏ္ဍာအဖြစ် ပေးသွင်းစေခြင်း/သိမ်းဆည်းခြင်း

၆၂။ ၂၀၁၉ ခုနှစ်အတွင်း ငွေကြေးများကို ပြည်သူ့ဘဏ္ဍာရန်ပုံငွေသို့ မြန်မာငွေကျပ်သန်း ၉၈၄၇.၈၄၃ ကို ပေးသွင်းစေနိုင်ခဲ့ပြီး ငွေကျပ်သန်း ၁.၁၀၀ အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ပါသည်။


| စဉ် | အကြောင်းအရာ | ပြည်သူ့ဘဏ္ဍာအဖြစ် ပေးသွင်းစေခြင်း/သိမ်းဆည်းခြင်း |
|---|---|---|
| ၁ | ထားဝယ်မြို့ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Global Grand Services Co., Ltd တို့ ချုပ်ဆိုခဲ့သည့် စာချုပ်အရ ကုမ္ပဏီက နိုင်ငံတော်သို့ ပေးသွင်းရန်ကျန်ရှိသည့် ကမ်းလွန်သဘာဝဓာတ်ငွေ့ဘိုးငွေများ ပြန်လည်ပေးသွင်းစေမှု | ငွေကျပ်သန်း ၉၈၄၇.၈၄၃ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၌ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိရေးအတွက် တရားမဝင် ကောက်ခံခဲ့သည့်ငွေကြေးများ | ငွေကျပ်သန်း ၁.၁၀၀ |

# အခန်း (၄)

# ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းကဏ္ဍ

# နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီသို့ အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခြင်း

၆၃။ နိုင်ငံတကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အကယ်ဒမီသည် ဩစတြီးယားနိုင်ငံ၊ လက်ဇင်းဘတ်မြို့ အခြေစိုက် နိုင်ငံတကာ အစိုးရအချင်းချင်းကြားဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများအား အစိုးရအဖွဲ့အစည်းများ၊ အစိုးရဝန်ထမ်းများအား သင်ကြားပေးသော အဖွဲ့အစည်းဖြစ်ပါသည်။ ၎င်းအဖွဲ့အစည်းသို့ ၃၀-၁၁-၂၀၁၉ ရက်နေ့တွင် မြန်မာနိုင်ငံသည် (၇၉)နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ခဲ့ပါသည်။



*Union Minister for Foreign Affairs*
*Republic of the Union of Myanmar*

**INSTRUMENT OF ACCESSION**

WHEREAS the Agreement for Establishment of the International Anti- Corruption Academy as an International Organization, which was opened for signature on 31 December 2010, in accordance with Article 18 of the said Agreement,

NOW THEREFORE I, Aung San Suu Kyi, Union Minister for Foreign Affairs of the Republic of the Union of Myanmar reserves that the Government of Myanmar, having considered the abovementioned Agreement for Establishment of the International Anti-Corruption Academy as an International Organization, accedes to the same and undertakes faithfully to perform and carry out the stipulations therein contained, with the reservation with regard to Article 19 of the Agreement.

The Government of the Republic of the Union of Myanmar does not consider itself bound by the provision set forth in the Article 19 of Agreement.

IN WITNESS WHEREOF, I have signed this Instrument of Accession at the Ministry of Foreign Affairs in Nay Pyi Taw, on this Thursday, the 12th September 2019.

Aung San Suu Kyi


၆၄။ နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီတွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည့်အတွက် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ပညာရပ်တစ်ရပ်အနေဖြင့် ပိုမိုကျယ်ပြန့်စွာ လေ့လာဆည်းပူးနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည် ဖြစ်ပါသည်။

## နည်းပညာအကူအညီပေးမှုဆိုင်ရာ Letter of Intent ရေးထိုးခြင်း

၆၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ဒိန်းမတ်နိုင်ငံတို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စစ်တမ်းကောက်ယူခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့်အခြားစွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများတွင် နည်းပညာအကူအညီပေးရေးအတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၃၀)ရက်နေ့တွင် နေပြည်တော်ရှိ Hilton Hotel ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထင်ကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr. John Nielsen တို့က Letter of Intent (LoI) အား လက်မှတ်ရေးထိုးခဲ့ကြပါသည်။





LETTER OF INTENT

Between

The Anti-Corruption Commission Office

And


The Embassy of Denmark

This Letter of Intent (LoI) is signed between the Anti-Corruption Commission Office hereinafter referred to as "ACC Office" and the Embassy of Denmark, hereinafter referred to as "Denmark", together referred to as "the Parties".

This LoI is part of the thematic programme on Peace, Rule of Law and Human Rights under the Danish Country Programme for Myanmar 2016-2020.

Desiring to promote, strengthen and cooperate in ACC's fight against corruption, the Parties have agreed as follows:

1. This Letter of Intent (LoI) shall be an integral part of the collaboration between the ACC Office and Denmark in the area of capacity strengthening of the ACC Office;
2. The ACC Office - Denmark collaboration is based on the discussions between the ACC Office and Denmark, which will cover strengthening individual and institutional capacity in the areas of Surveying, Survey methodologies, Monitoring and Evaluation and other capacity development related activities;
3. The Parties agreed that the United Nations Office on Drugs and Crime (UNODC), hereinafter referred to as "Implementing Partner", will perform as an implementing partner to develop, plan, organise and implement the agreed activities with the support of Denmark. The ACC Office's staff will allocate the time needed to work closely with the Implementing Partner, chosen by Denmark.
4. The Parties agreed to organise quarterly joint coordination meetings with the Implementing Partner to review the overall progress and implementation as



well as advising on the work plan in order to maximise the positive impact of Danish support to the ACC Office.

5. Any dispute arising from the implementation or interpretation of this LoI shall be settled through amicable consultation between the Parties.
6. This LoI may be revised or modified at any time in writing upon mutual consent of the Parties.
7. This LoI shall become effective on the date of signing until end of December 2020.

Signed in Nay Pyi Taw on 30 October 2019

| | |
|---|---|
| U Htin Kyaw | H.E. Mr. John Nielsen |
| Director General, Administrative Department | Ambassador |
| Anti-Corruption Commission Office, Myanmar | Embassy of Denmark, Myanmar |

## အဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း

၆၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်အဂတိ လိုက်စားမှု တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နိုင်ငံခြားသံရုံးများနှင့်အဖွဲ့အစည်းအသီးသီးမှ ကော်မရှင်သို့ ၂၀၁၉ ခုနှစ်အတွင်း (၄၇)ကြိမ် လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

## ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်

၆၇။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေး ဒုတိယစက်ဝန်း(၂၀၁၆-၂၀၂၀)အတွက် ကွန်ဗင်းရှင်း အခန်း(၂)၊ ကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များနှင့် အခန်း(၅)၊ ပိုင်ဆိုင်မှုပစ္စည်းများပြန်လည်ရယူခြင်းနှင့်စပ်လျဉ်း၍ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအပေါ် အဖွဲ့ဝင်နိုင်ငံများ၏ အကောင်အထည်ဖော် လိုက်နာဆောင်ရွက်မှု ပြန်လည်သုံးသပ်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

ဒုတိယအကြိမ်ပြန်လည်သုံးသပ်ရေးစက်ဝန်း(၂၀၁၆–၂၀၂၀)

| သုံးသပ်သည့်နိုင်ငံ | သုံးသပ်ခံနိုင်ငံ |
|---|---|
| မြန်မာနိုင်ငံ + အိုင်ဗရီကိုစ့်နိုင်ငံ | နိုင်ဂျီးရီးယားနိုင်ငံ |
| မြန်မာနိုင်ငံ + ကူဝိတ်နိုင်ငံ | အာရပ်စော်ဘွားများပြည်ထောင်စု |
| အီရတ်နိုင်ငံ + ဥဇဘက်ကစ္စတန်နိုင်ငံ | မြန်မာနိုင်ငံ |

၆၈။ ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်းတွင် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်အပေါ် သုံးသပ်ချက်အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးအတွက် အီရတ်နိုင်ငံနှင့်ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များသည် မြန်မာနိုင်ငံသို့ လာရောက်ပြီး Myanmar's Country Review Report for UNCAC Implementation Review Cycle 2 အစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ နေပြည်တော်၊ Grand Amara Hotel ၌ ကျင်းပခဲ့ရာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း(၁၀၃)ဦး တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။






၆၉။ **ဟောင်ကောင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကကျင်းပသည့် (၇)ကြိမ်မြောက် စာတမ်းဖတ်ကြားပွဲသို့ တက်ရောက်ခြင်း။** တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်တွင် ၂၂-၅-၂၀၁၉ ရက်နေ့မှ ၂၅-၅-၂၀၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ သည့် 7th ICAC Symposium နှင့် အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

၇၀။ **ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးအဖွဲ့ အစည်းအဝေး တက်ရောက်ခြင်း။** သြစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် ၂-၉-၂၀၁၉ ရက်နေ့မှ ၄-၉-၂၀၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် First Resumed 10th Session of the Implementation Review Group အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။





၇၁။ **ကိုရီးယား–မြန်မာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခြင်း။** ကိုရီးယားသမ္မတနိုင်ငံတွင် ၂-၉-၂၀၁၉ ရက်နေ့မှ ၆-၉-၂၀၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် Anti-Corruption Workshop သို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်မြင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။




၇၂။ **အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ အစည်းအဝေး တက်ရောက်ခြင်း။**
အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (South East Asia Parties Against Corruption- SEA-PAC )၏ (၁၅) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၈-၁၀-၂၀၁၉ ရက်နေ့မှ ၁၀-၁၀-၂၀၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

၇၃။ **(၈)ကြိမ်မြောက် UNCAC စာချုပ်ဝင်နိုင်ငံများ အစည်းအဝေး တက်ရောက်ခြင်း။** အာရပ်စော်ဘွားများပြည်ထောင်စု၊ အဘူဒါဘီမြို့တွင် Abu Dhabi National Exhibition Centre ၌ ၁၆-၁၂-၂၀၁၉ ရက်နေ့မှ ၂၀-၁၂-၂၀၁၉ ရက်နေ့အထိ ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် UNCAC စာချုပ်ဝင်နိုင်ငံများ အစည်းအဝေးသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးသို့ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ (၁၅၆)နိုင်ငံမှ ကိုယ်စားလှယ် (၁၃၀၀) ဦးခန့် တက်ရောက်ခဲ့ပါသည်။



၇၄။ ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ညီလာခံများ၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ ကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဝန်ထမ်းများ ၂၀၁၉ ခုနှစ်အတွင်း (၂၃)ကြိမ် တက်ရောက်ခဲ့ပါသည်။

၇၅။ **မြန်မာ–အပြည်ပြည်ဆိုင်ရာပွင့်လင်းမြင်သာမှုမစ်ရှင်အဖွဲ့အစည်းအဝေးကျင်းပခြင်း။** မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုမစ်ရှင်အဖွဲ့ ( ချက်သမ္မတနိုင်ငံ )မှ ညွှန်ကြားရေးမှူး Mr. David Ondracka ဦးဆောင်သောအဖွဲ့တို့သည် ၂၆-၁၁-၂၀၁၉ ရက်နေ့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ နှစ်နိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အတွေ့အကြုံဖလှယ်သည့် စကားဝိုင်းနှင့် အဂတိလိုက်စားမှုအပေါ် ထင်မြင်ယူဆချက် ညွှန်းကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။



## အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း

၇၆။ **အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးတိုင်ကြားသူများအား အကာအကွယ်ပေးရေး ဥပဒေ(မူကြမ်း) ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း။** အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးတို့ ပူးပေါင်း၍ အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးတိုင်ကြားသူများအား အကာအကွယ်ပေးရေးဥပဒေ(မူကြမ်း)ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲအား ၈-၂-၂၀၁၉ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးမှ ပညာရှင်များနှင့် ကော်မရှင်ရုံးမှ ဝန်ထမ်း(၃၆)ဦး တက်ရောက်ခဲ့ပါသည်။

၇၇။ **နယ်စပ်ဖြတ်ကျော် အဂတိလိုက်စားမှုဆိုင်ရာ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေး ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း။** အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးတို့ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် အဂတိလိုက်စားမှုဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၊ Park Royal Hotel ၌ ၁၉-၁၁-၂၀၁၉ ရက်နေ့မှ ၂၀-၁၁-၂၀၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါး နှင့်ပြစ်မှုဆိုင်ရာရုံးမှ ဌာနေကိုယ်စားလှယ် Mr. Troels Vester တို့က ကြိုဆိုနှုတ်ခွန်းဆက်နှင့် အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဥပဒေရေးရာ ကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေးဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ တရားစွဲဆိုရေး၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့များမှ အဆင့်မြင့်အရာရှိကြီးများ စုစုပေါင်း (၁၀၀)ဦးခန့် ပါဝင်တက်ရောက်ခဲ့ပါသည်။


cooperation in complex, cross-border
corruption cases
-20 November 2019, Yangon, Myanmar
PARKROYAL
UK Government
Australian Government
Sweden
Sverige


UNODC
United Nations Office on Drugs and Crime
AMERICAN BAR ASSOCIATION
Rule of Law Initiative
Regional Workshop: International
cooperation in complex, cross-border


## ကော်မရှင်ရုံး(နေပြည်တော်)တည်ဆောက်ခြင်း

၇၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး(နေပြည်တော်)ကို တည်ဆောက်ရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၃၀-၄-၂၀၁၈ ရက်နေ့တွင် သတ်မှတ်ခွင့်ပြုပေးခဲ့သည့် ဥတ္တရသီရိမြို့နယ်၊ ဇေယျာဌာနီလမ်း၏ အနောက်ဘက်မြေဧရိယာ(၈)ဧကခန့်ပေါ်တွင် အဆောက်အဦဆောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ၂၉-၁၁-၂၀၁၈ ရက်နေ့၌ လုပ်ငန်းအပ်နှံခဲ့ရာ အဆောက်အဦ ဦးစီးဌာန၊ အထူးအဖွဲ့(၂)မှ ၁၂-၂-၂၀၁၉ ရက်နေ့တွင် အဆောက်အဦပန္နက်တင်မင်္ဂလာ အခမ်းအနား ပြုလုပ်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများအား စတင်ဆောင်ရွက်လျက်ရှိပါသည်။



## ကော်မရှင်ရုံးခွဲ(ရန်ကုန်)ဖွင့်လှစ်ခြင်း

၇၉။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ(ရန်ကုန်) ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးနှင့်ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်တို့ထံ တင်ပြခွင့်ပြုချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၆၂-က)ရှိ မြေဧရိယာ (၀.၆၃၂)ဧကနှင့် (၂)ထပ်အဆောက်အဦကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းလက်ခံ၍ ပင်မအဆောက်အဦ ( ၄၂ပေ×၃၀ပေ ) RC( ၂ )ထပ် အဆောက်အဦအား အကြီးစား ပြင်ဆင်ဆောက်လုပ်ခဲ့ပြီး ၁၆-၃-၂၀၁၉ ရက်နေ့တွင် ရုံးစတင်ဖွင့်လှစ်ကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုချက်အရ ကော်မရှင်ရုံးခွဲ(ရန်ကုန်)တွင် ဝန်ထမ်းအိမ်ရာတစ်လုံးကို ဆောက်လုပ်လျက်ရှိပါသည်။









## ကော်မရှင်ယာယီရုံးခွဲ(မန္တလေး) ဖွင့်လှစ်ခြင်း

၈၀။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ယာယီရုံးခွဲ (မန္တလေး) ဖွင့်လှစ်ရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကွင်းအမှတ်(၄၀၇)၊ တမ္ပဝတီရပ်ကွက်ရှိ မြေဧက(၁.၂၉၃၆)ဧကနှင့် ၎င်းမြေနေရာရှိ အဆောက်အဦ (၂)လုံးတို့အား အကြီးစားပြင်ဆင်မှု ဆောင်ရွက်ခဲ့ပြီး ၁၁-၅-၂၀၁၉ ရက်နေ့တွင် ယာယီရုံးဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုချက်အရ ကော်မရှင်ရုံးခွဲ(မန္တလေး)နှင့် ဝန်ထမ်းအိမ်ရာကို ဆောက်လုပ်လျက် ရှိပါသည်။





## လုပ်ငန်းကော်မတီများပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခြင်း

၈၁။ ကော်မရှင်၏ ရည်ရွယ်ချက်များအား ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းတာဝန်များအား အောက်ပါလုပ်ငန်းကော်မတီ (၇)ခုဖြင့် ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည် -

- မူဝါဒရေးရာလုပ်ငန်းကော်မတီ
- နိုင်ငံတကာရေးရာနှင့်လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ
- ဥပဒေရေးရာလုပ်ငန်းကော်မတီ
- တိုင်ကြားစာစိစစ်သုံးသပ်ရေးလုပ်ငန်းကော်မတီ
- ဝန်ထမ်းရေးရာ၊ စည်းကမ်းထိန်းသိမ်းရေးနှင့်လုံခြုံရေးလုပ်ငန်းကော်မတီ
- ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကော်မတီ
- လူထုအသိပညာပေးရေးလုပ်ငန်းကော်မတီ

## ဝန်ထမ်းအင်အားတိုးချဲ့ခန့်ထားခြင်း

### ဖွဲ့စည်းပုံတိုးချဲ့ခြင်း

၈၂။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်တိုက်ဖျက်ရေးကို ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်ရုံး၏ မူလဖွဲ့စည်းပုံအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၀/၂၀၁၈)မှ သဘောတူခွင့်ပြုချက်အရ ၂၈-၁၁-၂၀၁၈ ရက်နေ့တွင် ဦးစီးဌာန(၂)ခု၊ ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် ကော်မရှင်ရုံးခွဲ တစ်ခုစီဖြင့် အရာထမ်းရာထူး (၂၁၄)နေရာ၊ အမှုထမ်းရာထူး (၆၂၄)နေရာ၊ စုစုပေါင်းရာထူး (၈၃၈)နေရာ တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

### ဝန်ထမ်းများခန့်ထားခြင်း

၈၃။ တိုးချဲ့ဖွဲ့စည်းခဲ့သည့် ဖွဲ့စည်းပုံအရ ဌာနများတွင် ၃၁-၁၂-၂၀၁၉ ရက်နေ့ထိ အရာထမ်း (၁၀၃)ဦး၊ အမှုထမ်း(၁၆၁)ဦး၊ နေ့စား ဝန်ထမ်း (၆၇)ဦး၊ စုစုပေါင်းဝန်ထမ်း (၃၃၁)ဦးတို့အား ခန့်အပ်ထားပြီးဖြစ်ပါသည်။

### ဝန်ထမ်းသစ်များ စိစစ်ရွေးချယ်ခန့်ထားခြင်း

၈၄။ ကော်မရှင်ရုံး၏ ဖွဲ့စည်းပုံအရ လိုအပ်လျက်ရှိသော ပြန်တမ်းဝင် အရာရှိအဆင့် ဝင်ပေါက် ဦးစီးအရာရှိရာထူး(၁၅)နေရာ၊ အမှုထမ်းရာထူး (၁၅၉)နေရာ စုစုပေါင်း ရာထူးနေရာ (၁၇၄)နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

## ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ခြင်း

### ပြည်တွင်းသင်တန်းများတက်ရောက်ခြင်း

၈၅။ နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာပံ့ပိုးမှု အစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ သင်တန်း(၂)ခုအား သင်တန်းသား(၃၅)ဦး၊ ကော်မရှင်ရုံး အစီအစဉ်ဖြင့် ဝန်ကြီးဌာနများမှ ပြောင်းရွှေ့လာသည့် ဝန်ထမ်းများအား အခြေခံလေ့ကျင့်ရေးသင်တန်းကို သင်တန်းသား(၅၆)ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနများမှ ဖွင့်လှစ်သော သင်တန်း(၅၆)ခုသို့ သင်တန်းသား(၇၅)ဦးတို့အား စေလွှတ်တက်ရောက်ခဲ့ပါသည်။








## ပြည်ပသင်တန်းများတက်ရောက်ခြင်း

၈၆။ နိုင်ငံတကာမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာများ၊ အတွေ့အကြုံများရရှိစေရန်နှင့် ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ကော်မရှင်၏ လိုအပ်ချက်နှင့်ကိုက်ညီသော ပြည်ပသင်တန်း(၈)ခုအား သင်တန်းသား(၂၃)ဦး စေလွှတ်တက်ရောက်ခဲ့ပါသည်။



ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှ ၁၃ ရက်နေ့ထိ ဖွင့်လှစ်သော Anticorruption Series; Public Corruption Course သို့ ကော်မရှင်ရုံးမှ အရာထမ်း(၂)ဦး တက်ရောက်ခြင်း




စင်္ကာပူနိုင်ငံ နိုင်ငံ့ဝန်ထမ်းကောလိပ်၌ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ ဖွင့်လှစ်သော Course on " Transparency and Good Governance in Public Policy သို့ ကော်မရှင်ရုံးမှ အရာထမ်း(၁)ဦး တက်ရောက်ခြင်း




အိန္ဒိယနိုင်ငံ၊ Hyderabad မြို့တွင် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှ မတ်လ ၁ ရက်နေ့အထိ ဖွင့်လှစ်သော "အင်္ဂလိပ်စာ အလယ်အလတ်အဆင့်သင်တန်း" သို့ ကော်မရှင်ရုံးမှ ဝန်ထမ်း(၁)ဦး တက်ရောက်ခြင်း



စင်္ကာပူနိုင်ငံ၊ အဂတိလိုက်စားမှုစုံစမ်းစစ်ဆေးရေးဌာန၌ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ ဖွင့်လှစ်သော Anti- Corruption Executive Programme(ACE- Programme) သင်တန်းသို့ ကော်မရှင်ရုံးမှ အရာထမ်း(၁)ဦး တက်ရောက်ခြင်း




ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှ ၁၃ ရက်နေ့ထိ ဖွင့်လှစ်သော Anticorruption Series; Anticorruption and Asset Recovery သင်တန်းသို့ ကော်မရှင်ရုံးမှ အရာထမ်း(၁)ဦး တက်ရောက်ခြင်း




ကိုရီးယားသမ္မတနိုင်ငံ Cheongju မြို့တွင် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့မှ (၆)ရက်နေ့ထိ ပြုလုပ်ခဲ့သော Anti - Corruption workshop သို့ တက်ရောက်ခြင်း

## ဘဏ္ဍာရန်ပုံငွေ ခွဲဝေရရှိခြင်းနှင့်သုံးစွဲခြင်း

၈၇။ ကော်မရှင်ရုံး၏ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ် ကျပ်သန်း ၁၈၃၀. ၃၂၃၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း ၃၉၀၀. ၈၀၄ ဖြစ်ပါသဖြင့် စုစုပေါင်းခွင့်ပြုငွေ ကျပ်သန်း ၅၇၃၁. ၁၂၇ ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ရန် ငွေတိုက်ဦးစီးဌာန (နိုင်ငံတော်စာရင်း)တွင် ထည့်သွင်းခွင့်ပြုခဲ့ပါသည်။ ၎င်းခွင့်ပြုငွေများအနက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာနသို့ အဆောက်အဦအကြီးစား မွမ်းမံပြင်ဆင်ခြင်း အပါအဝင် လုပ်ငန်း(၄)ခုအတွက် သာမန်အသုံးစရိတ်မှ ကျပ်သန်း ၁၃၅. ၇၀၀ နှင့် ငွေလုံးငွေရင်းအသုံးစရိတ်မှ ကျပ်သန်း ၃၇၅၅. ၉၆၂ တို့အား ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပေးချေခဲ့ပါသည်။

၈၈။ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွက် ကော်မရှင်ရုံး၏ စုစုပေါင်း အသုံးစရိတ်ခွင့်ပြုငွေ ကျပ်သန်း ၅၇၃၁. ၁၂၇ မှ လအလိုက်အသုံးစရိတ် စုစုပေါင်း ကျပ်သန်း ၅၆၉၅. ၁၂၇ ကို သုံးစွဲပြီးဖြစ်၍ ပိုငွေ ကျပ်သန်း ၃၆. ၀၀၀ ကို ငွေတိုက်ဦးစီးဌာန၏ ငွေထုတ်စာရင်းအမှတ် MD-၀၁၂၆၇၂ သို့ ၂၇-၉-၂၀၁၉ ရက်နေ့တွင် ငွေသွင်းချလံဖြင့် ပေးသွင်းခဲ့ပြီးဖြစ်ပါသည်။

၈၉။ ကော်မရှင်ရုံး၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေ ငွေစာရင်း သာမန်အသုံးစရိတ် ကျပ်သန်း ၂၆၁၈. ၉၇၁ ၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း ၃၂၈၄. ၆၈၁ စုစုပေါင်း ကျပ်သန်း ၅၉၀၃. ၆၅၂ ကို ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ထောက်ပံ့ရန် ငွေတိုက်ဦးစီးဌာန(နိုင်ငံတော်စာရင်း)တွင် ထည့်သွင်းခွင့်ပြုခဲ့ပါသည်။ ၎င်းခွင့်ပြုငွေမှ ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ကျပ် ၃၅၀၉. ၉၃၇ သန်းကို သုံးစွဲခဲ့ပြီးဖြစ်ပါသည်။

■

# အခန်း (၅)

# ၂၀၁၉ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ် ချမှတ်ခြင်း

## ပေါ်လစီမူဘောင်နှင့်ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း

၉၀။ ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် စတုတ္ထအကြိမ်ပြင်ဆင်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေး နည်းဥပဒေ(မူကြမ်း) အသစ်ကိုရေးဆွဲခဲ့ပြီးဖြစ်၍ အတည်ပြု ပြဋ္ဌာန်းပြီးပါက နိုင်ငံ့ဘဏ္ဍာ ဆုံးရှုံးနစ်နာစေမှု ဖြစ်ပေါ်စေခြင်းများနှင့်စပ်လျဉ်း၍ စနစ်တကျ အရေးယူဆောင်ရွက်နိုင်မည့် အပြင် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းစဉ်များ၊ ပုဂ္ဂလိကကဏ္ဍအတွက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အစီအစဉ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက် လာနိုင်မည် ဖြစ်ပါသည်။

၉၁။ ပေါ်လစီမူဘောင်အနေဖြင့် လုပ်ငန်းအစီအစဉ်(၆)ရပ်ကို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU)များအတွက် ချမှတ်နိုင်ခဲ့သဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများအနေဖြင့် ယင်းလုပ်ငန်းအစီအစဉ်များပေါ်တွင် အခြေခံ၍ အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ စီမံချက်များ ချမှတ်ရေးဆွဲပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများ ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေမည်ဖြစ်ပါသည်။

၉၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်း ကဏ္ဍအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် အသိပညာဗဟုသုတများ ရရှိစေရေးအတွက် အခြေခံပညာ မူလတန်းအဆင့်မှ စတင်၍ ဆရာကိုင်စာအုပ်များ ဖြန့်ဝေခဲ့ရာ အခြေခံပညာ အလယ်တန်းအဆင့်ထိ ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် ၂၀၁၉ ခုနှစ်အတွင်း တက္ကသိုလ်အဆင့် ကျောင်းသားလူငယ်များအတွက် ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် လူငယ်များကဏ္ဍတွင် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ အတွေးအမြင်များ ပိုမိုတိုးတက်ဖြစ်ပေါ်စေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၉၃။ အုပ်ချုပ်ရေးနှင့်စီးပွားရေးဆိုင်ရာ ကဏ္ဍများတွင်လည်း ဖြောင့်မတ်တည်ကြည်မှုနှင့်တာဝန်ယူမှု မြင့်မားလာစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းကြောင့် စီးပွားရေးကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့တွင် ဖြောင့်မတ်တည်ကြည်မှု၊ ကိုယ်ကျင့်သိက္ခာနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ခံယူချက်များ၊ အသိအမြင်များ ပိုမိုခိုင်မာလာစေရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၉၄။ ထို့အတူ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို နေပြည်တော်နှင့်တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် တစ်ပြိုင်နက် ကျင်းပနိုင်ခဲ့ခြင်း၊ သတင်းစာတွင် ဆောင်းပါးများ ထည့်သွင်းဖော်ပြခြင်းနှင့် ရုပ်မြင်သံကြား အစီအစဉ်များတွင် ပညာပေးဇာတ်လမ်းတိုနှင့် ဇာတ်လမ်းတွဲများ ပုံမှန်ထုတ်လွှင့်ပြသနိုင်ခဲ့ခြင်းတို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိအမြင်များ ပိုမိုကျယ်ပြန့်လာစေခဲ့ပါသည်။

၉၅။ တားဆီးကာကွယ်ခြင်းကဏ္ဍတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များအား ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်း(၁၄)ခုတွင် ရွှေပြေးစီမံကိန်းအဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာမှ ယခုအခါ သဘောဆန္ဒအလျောက် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်း(၂၂)ခုအထိ တိုးချဲ့ဖွဲ့စည်းနိုင်သဖြင့် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များအပေါ် ပိုမိုအလေးထား ဆောင်ရွက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။ ဌာနအလိုက် တိုင်ကြားနိုင်သည့်စနစ်များ ထူထောင်နိုင်ခြင်း၊ လုပ်ထုံးလုပ်နည်းများကို အများပြည်သူသိရှိအောင် ဆောင်ရွက်ပေးခြင်း၊ အသိပညာပေး ဟောပြောမှုများ ဆောင်ရွက်နိုင်ခြင်း၊ CPU အဖွဲ့သို့ ပေးပို့လာသည့် တိုင်ကြားစာများအပေါ်တွင် အရေးယူဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုများ ပိုမိုမြင့်မားလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် CPU ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံး လုပ်နည်းများအပေါ် လေ့လာဆန်းစစ်၍ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေ အန္တရာယ်ရှိမှုများကို ဖော်ထုတ်ပြုပြင်နိုင်သည့် ဆောင်ရွက်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အားနည်းနေသည့်အတွက် အဆိုပါစွမ်းရည်များ မြင့်မားတိုးတက်စေရေး ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၉၆။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ရွှေ့ပြေးစီမံကိန်းအဖြစ် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်း (၁၀)ခုတွင် CPU Account (၁၃)ခုဖြင့် CPU Toolkit ကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ခုနှစ် ဒီဇင်ဘာလတွင် CPU Account (၃၆)ခုနှင့် DEO Account (၃၂၆)ခုအထိ တိုးချဲ့အသုံးပြုလာသောကြောင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ပြည်သူလူထု၏ အကြံပြုချက်နှင့် သဘောထားအမြင်များကို လျင်မြန်စွာသိရှိနိုင်ပြီး လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဖြေရှင်းမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၉၇။ စုံစမ်းစစ်ဆေးအရေးယူခြင်းကဏ္ဍတွင် အဂတိလိုက်စားမှုကျူးလွန်သူများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ စုံစမ်းစစ်ဆေး အရေးယူနိုင်မှုအနေဖြင့် ၂၀၁၈ ခုနှစ် တွင် အမှုပေါင်း(၂၄)မှုဖြင့် လူဦးရေ(၄၆)ဦးကို အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အမှုပေါင်း(၉၈)မှုဖြင့် လူဦးရေ(၈၁)ဦးကို အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။ ကော်မရှင်မှ ပုဒ်မ ၃၀(ခ)အရ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာများအရ(၈၄)ဦးနှင့် ပုဒ်မ ၁၆(၃)အရ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာများအရ (၆၀၃)ဦး တို့ကို သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများက အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့ အရေးယူဆောင်ရွက်မှုများတွင် နိုင်ငံ့ဘဏ္ဍာ ဆုံးရှုံးစေမှုများကိုလည်း စိစစ်အရေးယူ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၉၈။ နိုင်ငံ့ဘဏ္ဍာအနေဖြင့်လည်း ငွေကျပ်သန်း ၉၈၄၇.၈၄၃ ကို နိုင်ငံတော်သို့ ပြန်လည် ပေးသွင်းနိုင်ပြီး ငွေကျပ်သန်း ၁.၁၀၀ ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ပါသည်။

## ပြည်တွင်း၊ နိုင်ငံတကာနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း

၉၉။ မြန်မာနိုင်ငံသည် နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ခဲ့သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်ပညာရပ်များကို တက်ရောက်ဆည်းပူးနိုင်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား အတွေ့အကြုံများ ဖလှယ်နိုင်ခြင်း စသည့်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၁၀၀။ နှစ်အလိုက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-


| စဉ် | အကြောင်းအရာ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ |
|---|---|---|---|---|---|---|---|
| ၁ | အဖွဲ့အစည်းများမှ လာရောက်တွေ့ဆုံမှု | ၄ | ၆ | ၅ | ၃၂ | ၆၂ | ၅၀ |
| ၂ | ပြည်ပအစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများတက်ရောက်မှု | ၃ | ၉ | ၁၀ | ၁၉ | ၂၃ | ၃၀ |
| ၃ | ပြည်တွင်းအလုပ်ရုံ ဆွေးနွေးပွဲများကျင်းပပြုလုပ်မှု | ၁ | ၁ | - | ၄ | ၉ | ၉ |
| ၄ | နှစ်နိုင်ငံချင်းနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှု | - | ၁ | - | ၁ | ၂ | ၁ |
| ၅ | စာတမ်းဖတ်ကြားဆွေးနွေးပွဲကျင်းပမှု | - | - | - | - | ၁ | - |
| ၆ | ဖိုရမ်ကျင်းပမှု | - | - | - | - | ၂ | - |

၁၀၁။ ကော်မရှင်နှင့်အစိုးရဌာန၊ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းလာသဖြင့် ကော်မရှင်မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၀(ခ)နှင့်ပုဒ်မ ၁၆(ဥ)အရ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာများအပေါ် သက်ဆိုင်ရာဌာနများက ပိုမိုအလေးထား အရေးယူဆောင်ရွက်လာသည်ကို တွေ့ရှိရပါသည်-


**ပုဒ်မ၃၀(ခ)အရလွှဲပြောင်းစာများအပေါ် အရေးယူဆောင်ရွက်မှု**



## ပုဒ်မ ၁၆(၃)အရလွှဲပြောင်းစာများ အပေါ်အရေးယူဆောင်ရွက်မှု (ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့အစည်းများ)



ပုဒ်မ ၁၆(ဥ)အရလွှဲပြောင်းစာများ အပေါ်အရေးယူဆောင်ရွက်မှု (တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ)




၁၀၂။ ကော်မရှင်ရုံး တိုးချဲ့ဖွဲ့စည်းပုံအရ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ တိုးချဲ့ဆောင်ရွက်နိုင်ပြီး ပြည်သူလူထုထံသို့ နီးကပ်စွာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ကြောင်း တွေ့ရှိရပါသည်။

၁၀၃။ မြန်မာနိုင်ငံအတွင်း နယ်ပယ်အသီးသီး၌ ဖြစ်ပေါ်နေသည့် အဂတိလိုက်စားမှုများနှင့်ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်နေမှုများအပေါ် ပြည်သူလူထု၏ သဘောထားအမြင်များကို သိရှိနိုင်ရန်နှင့်အများပြည်သူနှင့်လက်တွဲဆောင်ရွက်နိုင်မည့် အချက်အလက်များကိုရရှိရန် ရည်ရွယ်၍ ကော်မရှင်၏ ကြိုတင်ညှိနှိုင်းချက်အရ United States Agency for International Development – USAID ၏ မြန်မာနိုင်ငံ တရားဥပဒေ စိုးမိုးမှုမြှင့်တင်ရေးအစီအစဉ် Promoting the Rule of Law in Myanmar – PRLM က လွတ်လပ်စွာ ကောက်ယူခဲ့သည့်စစ်တမ်း ဖြစ်ပါသည်။

၁၀၄။ စစ်တမ်းကောက်ယူရာတွင် ၂၀၁၉ ခုနှစ် မတ်လမှ မေလအထိ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် (၁၄)ခု၌ ကျား/မ အမျိုးအစားခွဲ၍ လူဦးရေ (၃၀၉၆)ဦးကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ အဆိုပါစစ်တမ်းမှ သိသာထင်ရှားသော ကဏ္ဍ(၂)ရပ်ကို ဖော်ပြအပ်ပါသည်-

**(က) အဂတိလိုက်စားမှုဆိုင်ရာအသိအမြင်ကဏ္ဍ**

(၁)လက်ရှိ အဂတိလိုက်စားမှုအခြေအနေအပေါ် ပြည်သူများ၏ ထင်မြင်ချက်များ၊

(၂)အစိုးရ၏ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများ၏ အဂတိလိုက်စားမှုအပေါ် အကျိုးသက်ရောက်မှု။


**(ခ) အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းအပေါ် ပြည်သူတို့၏ ထင်မြင်ချက်နှင့်ဦးစားပေး ဆောင်ရွက်သင့်သည့်နယ်ပယ်ကဏ္ဍ**

(၁)အဂတိလိုက်စားမှု တိုက်ဖျက်ရေးအပေါ် ပြည်သူများ၏ အသိအမြင်၊


(၂)အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ဦးစားပေးဆောင်ရွက်သင့်သည့် နယ်ပယ်။

၁၀၅။ **အဂတိလိုက်စားမှုဆိုင်ရာအသိအမြင်ကဏ္ဍ**။ ယင်းကဏ္ဍတွင်လွန်ခဲ့သော (၂)နှစ်အတွင်း အဂတိလိုက်စားမှု အခြေအနေ ပြောင်းလဲလာခြင်းနှင့်စပ်လျဉ်း၍ အဂတိ လိုက်စားမှု လျော့နည်းလာသည်ဟု ဖြေဆိုကြပြီး အစိုးရ၏ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများက အဂတိလိုက်စားမှုအပေါ် အကျိုးသက်ရောက်မှုရှိခြင်းတို့ကို စစ်တမ်းများအရ လေ့လာတွေ့ရှိရပါသည်။

လွန်ခဲ့သော (၂)နှစ်အတွင်း အဂတိလိုက်စားမှု အခြေအနေ ပြောင်းလဲလာခြင်းနှင့်စပ်လျဉ်း၍ ထင်မြင်ချက်




## အစိုးရ၏ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများက အဂတိလိုက်စားမှုအပေါ်အကျိုးသက်ရောက်မှုရှိ/မရှိထင်မြင်ချက်




၁၀၆။ **အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းအပေါ် ပြည်သူတို့၏ ထင်မြင်ချက်နှင့် ဦးစားပေး ဆောင်ရွက်သင့်သည့် နယ်ပယ်ကဏ္ဍ။** ယင်းကဏ္ဍတွင် ပြည်သူများအနေဖြင့် အဂတိလိုက်စားမှုကို မနှစ်သက်ကြောင်းတွေ့ရှိရပြီး ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ အပေါ်တွင်မူ ပြည်သူများ၏ အမြင်မှာ ကောင်းမွန်သည်ဟု ယူဆသူများစွာရှိခြင်းကြောင့် ကော်မရှင်အတွက် အင်အားတစ်ရပ် ဖြစ်စေပါသည်။ ထို့အပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအား ရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့်တွင် ဦးစားပေး ဆောင်ရွက်သင့်ပါကြောင်း ပြည်သူအများစုက ဖြေဆိုကြခြင်းကြောင့် ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများအတွက် လုပ်ငန်းစီမံချက်များ ရေးဆွဲရာ၌ ဤစစ်တမ်းသည် များစွာအထောက်အကူ ဖြစ်စေခဲ့ပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ဆောင်ရွက်ချက်များအပေါ် ပြည်သူလူထု၏ အပြုသဘောဆောင်သည့် ထင်မြင်ချက်**



နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို
ဦးစားပေးဆောင်ရွက်သင့်သည့် နယ်ပယ်နှင့်စပ်လျဉ်း၍ပြည်သူလူထု၏ထင်မြင်ချက်



၁၀၇။ မြန်မာနိုင်ငံသည် နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International -TI) က သတ်မှတ်သည့် အဂတိလိုက်စားမှုအညွှန်းကိန်း (Corruption Perception Index-CPI) အရ မြန်မာနိုင်ငံ၏ နှစ်အလိုက် ရမှတ်နှင့်အညွှန်းကိန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| ခုနှစ် | ရမှတ် | အဆင့် | နိုင်ငံပေါင်း |
|---|---|---|---|
| ၂၀၁၂ | ၁၅ | ၁၇၂ | ၁၇၆ |
| ၂၀၁၃ | ၂၁ | ၁၅၇ | ၁၇၇ |
| ၂၀၁၄ | ၂၁ | ၁၅၆ | ၁၇၅ |
| ၂၀၁၅ | ၂၂ | ၁၄၇ | ၁၆၈ |
| ၂၀၁၆ | ၂၈ | ၁၃၆ | ၁၇၆ |
| ၂၀၁၇ | ၃၀ | ၁၃၀ | ၁၈၀ |
| ၂၀၁၈ | ၂၉ | ၁၃၂ | ၁၈၀ |
| ၂၀၁၉ | ၂၉ | ၁၃၀ | ၁၈၀ |

## ၂၀၂၀ ပြည့်နှစ် လုပ်ငန်းအစီအစဉ်လျာထားမှု

၁၀၈။ ကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ အသိပညာပေးရေး၊ တိုက်ဖျက်ရေးလုပ်ငန်းများကို အောက်ဖော်ပြပါ လုပ်ငန်းအစီအစဉ်များချမှတ်၍ အကောင်အထည် ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

- **ပေါ်လစီမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး။** အမျိုးသား အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာ ချမှတ်နိုင်ရေး ပြင်ဆင်ရန်။

- **ဥပဒေမူဘောင်ခိုင်မာရေး**
  - အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူ အကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းရန်၊
  - ဥပဒေအရ အရေးယူဆောင်ရွက်မှု တိုးမြှင့်ရန်၊
  - အဂတိလိုက်စားမှု တိုက်ဖျက်ရေး နည်းဥပဒေအသစ် ပြဋ္ဌာန်းရန်။

- **တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး**
  - အဂတိ လိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU)များ၏ လုပ်ငန်းများ လည်ပတ်ရေးနှင့် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂၁(ဂ)(၃)၊ ပုဒ်မ ၄၄၊ ပုဒ်မ ၄၅ တို့ နှင့်အညီ လက်တွဲလုပ်ကိုင်ဆောင်ရွက်ရန်၊
  - ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ အခန်း(၈) လုပ်ပိုင်ခွင့်အာဏာရှိသူက ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ကြေညာခြင်း သတ်မှတ်ချက်အသက်ဝင်ရန် အကောင်အထည်ဖော်ရေး ဆောင်ရွက်ရန်။

- **တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေး**
  - အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေး ပညာပေးအစီအစဉ်များဖြင့် ပါဝင်သက်ဆိုင်သူများ အားလုံးပါဝင်လာစေရန် လှုပ်ရှားမှုများ ဆောင်ရွက်ရန်-

    (က) ပြည်ထောင်စုဝန်ကြီးဌာနများ

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ
(ဂ) စီးပွားရေးလုပ်ငန်းရှင် အသိုင်းအဝိုင်း၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အပါအဝင်ပုဂ္ဂလိကကဏ္ဍ
(ဃ) အခြေခံပညာကျောင်းများ (ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် အခြေခံပညာ အထက်တန်း အဆင့်)
(င) အဆင့်မြင့်ပညာ တက္ကသိုလ်/ကောလိပ်များ (ကျင့်ဝတ်ပြန့်ပွားရေး အပါအဝင်)

- စီးပွားရေးလုပ်ငန်းကဏ္ဍ ကျင့်ဝတ်သိက္ခာမြှင့်တင်နိုင်ရေး ဆွေးနွေးပွဲများကို ကျန်ရှိသောပြည်နယ်နှင့် တိုင်းဒေသကြီး များ၌ ဆက်လက်ကျင်းပရန်၊
- အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးနှင့် အသိပညာပေးရေးဆိုင်ရာ တီဗွီဇာတ်လမ်းတိုများ၊ ကြော်ငြာများ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ကာတွန်းများ စီစဉ်ဆောင်ရွက်ရန်၊ ပုံမှန်မီဒီယာလက်လှမ်းမီရေး ဆောင်ရွက်ရန်၊
- ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်၊
- အများပြည်သူဆိုင်ရာ နစ်နာမှုတိုင်ကြားနိုင်သော ယန္တရားတစ်ရပ်ထားရှိပြီး လူမှုရေးဆိုင်ရာ တာဝန်ယူမှု တာဝန်ခံမှု မြှင့်တင်ရန်။

## ■ ဌာနစွမ်းဆောင်ရည်မြှင့်တင်ရေး

- ကော်မရှင်ရုံး ဖွဲ့စည်းပုံ အသစ်နှင့်အညီ ဝန်ထမ်းများဖြည့်တင်းရန်၊
- ကော်မရှင်ရုံးခွဲများကို မော်လမြိုင်မြို့နှင့် တောင်ကြီးမြို့များတွင် ဖွင့်လှစ်ရန်။

## ■ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး

- ပြည်တွင်းစီမံခန့်ခွဲမှုသင်တန်းများ/ မွမ်းမံသင်တန်းများ၊ အခြေခံသင်တန်းများကို အဆင့်မြင့်၊ အလယ်အလတ်အဆင့် နှင့် အရာထမ်းငယ်/ အမှုထမ်းများအဆင့် အသီးသီးအတွက် စီစဉ်ဆောင်ရွက်ရန်၊
- UNODC၊ UNDP နှင့် နှစ်နိုင်ငံချင်း အစီအစဉ်များဖြင့် အောက်ပါနယ်ပယ်များအတွက် သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ ညှိနှိုင်းဆောင်ရွက်ရန်-

(က) စစ်တမ်းကောက်ယူခြင်း နည်းပညာနှင့် အမြဲမပြတ်စောင့်ကြည့်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း နည်းပညာများနှင့် မိတ်ဆက်ခြင်း

(ခ) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုအပေါ် ဆန်းစစ်လေ့လာခြင်း

(ဂ) စုံစမ်းစစ်ဆေးခြင်းလက်စွဲကို လက်တွေ့အသုံးပြုခြင်း

(ဃ) သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေး အခန်းကဏ္ဍတွင် အဂတိ လိုက်စားမှု ရှာဖွေဖော်ထုတ်ခြင်း

(င) နိုင်ငံပိုင်ငွေကြေး၊ ပစ္စည်းများ စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်း

(စ) ထောက်လှမ်းခြင်း

(ဆ) အစိုးရဝယ်ယူရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အသိပညာများ မျှဝေခြင်း

(ဇ) ညှိနှိုင်းဆောင်ရွက်နိုင်သောအခြားနယ်ပယ်များ

- **အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှု တွန်းလှန်တိုက်ဖျက်ရေး အစီအစဉ်များအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး**
  - နှစ်နိုင်ငံချင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှု စာချွန်လွှာများ တိုးမြှင့်ချုပ်ဆိုရန်၊
  - နှစ်နိုင်ငံချင်း တရားဝင်အလုပ်သဘော အစည်းအဝေးများ လက်ခံကျင်းပရန်၊
  - ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ အကြီးအကဲများ အစည်းအဝေးနှင့် ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၁၅)ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် အစည်းအဝေး တက်ရောက်ရန်၊
  - UNODC က ကြီးမှူးကျင်းပသော အစိုးရအဖွဲ့အစည်းများအကြား အစည်းအဝေးများနှင့် ဘာသာရပ်ဆိုင်ရာ အစည်းအဝေးများသို့ ပါဝင်တက်ရောက်ရန်၊
  - မြန်မာနိုင်ငံ၏ နိုင်ငံဆိုင်ရာ သုံးသပ်မှု အစီရင်ခံစာ (မူကြမ်း)အပေါ် ဆွေးနွေးညှိနှိုင်းရန်နှင့် နိုင်ငံဆိုင်ရာ သုံးသပ်မှု အစီရင်ခံစာ ထုတ်ပြန်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊

- UNODC/UNDP အကူအညီဖြင့် ပြည်တွင်းတွင် ဘာသာရပ်ဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ရန်၊
- UNODC/UNDP အကူအညီဖြင့် တရားဝင် အလုပ်သဘော လေ့လာရေးခရီးများ ပူးပေါင်းဆောင်ရွက်ရန်၊
- UNODC/UNDP တို့နှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားအတွက် သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းရန်နှင့် အခမ်းအနားကျင်းပရန်၊ မှတ်တမ်းများပြုစုရန်နှင့် ဘာသာပြန်ဆိုရန်၊
- UNODC အကူအညီဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရန်နှင့် ထုတ်ဝေရန်။

- ■ အမြဲမပြတ်စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်ရေး
- ■ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ၂၀၂၁ ခုနှစ် လုပ်ငန်းအစီအစဉ် ချမှတ်ရေး
- ■ ကော်မရှင်၏ (၁)နှစ်တာ ဆောင်ရွက်ချက်များကို ပြည်သူသို့ အစီရင်ခံတင်ပြရေး

■

# နိဂုံး

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်လက်တွဲ၍ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန်အတွက် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။

ကော်မရှင်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျင့်ဝတ်လိုက်နာမှုကို အမြင့်ဆုံးစံနှုန်းထား၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများနှင့်အတူ တားဆီးကာကွယ်ရေးနှင့်အသိပညာပေးရေး လုပ်ငန်းများကို ဟန်ချက်ညီစွာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကော်မရှင်သည် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများအား အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့်ပြည်သူ လူထုတစ်ရပ်လုံး၏ စုပေါင်းအင်အားဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အောင်ကြည်
ဥက္ကဋ္ဌ

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁ ရက်